ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း၁ရက်၊ အင်္ဂါနေ့ (30-9-2008) (၅၈၁၇)

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ (၅၉)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲသို့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး တက်ရောက်ချီးမြှင့်




**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ(၅၉)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် ညှော်ခံပွဲသို့ တက်ရောက်ချီးမြှင့်ကြစဉ်။**
(သတင်းစဉ်)

**ရန်ကုန် စက်တင်ဘာ ၂၉**

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့သည် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ကျင်းပသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ (၅၉)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် ညှော်ခံပွဲသို့ တက်ရောက် ချီးမြှင့်ကြသည်။

အဆိုပါညှော်ခံပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီးတို့နှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ဒုတိယဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီ တာဝန်ခံများနှင့် ဖိတ်ကြားထားသောပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

**ကြေးမုံ သတင်းအက်ဆေး** | **ရောမောင်**

# လူသားအကျိုးပြု စက်ရုပ်များ (Robots)

ရန်ကုန် စက်တင်ဘာ ၂၉

**စက်ရုပ်ဟူသည် လူတစ်ဦး သို့မဟုတ် လူအများ လုပ်ဆောင်ရသည့်လုပ်ငန်း တစ်ရပ်လုံး သို့မဟုတ် လုပ်ငန်းတစ်စိတ်တစ်ဒေသကို လူ့ကိုယ်စား လုပ်ကိုင်နိုင်ရန် စက်မှုယန္တရားအတတ်ပညာဖြင့် တီထွင်ဖန်တီးထားသော ကိရိယာတစ်မျိုး ဖြစ်သည်။**

ရှေးအခါက စက်ရုံအလုပ်ရုံများတွင် လူတို့ကိုယ်တိုင် လုပ်ကိုင်ခဲ့ကြရသည်။ သို့ရာတွင် စက်မှုနည်းပညာရပ်များ အဆင့်ဆင့်တိုးတက်လာရာမှ စက်ရုံလုပ်သားများ၏ နေရာတွင် စက်ရုပ်များကို အစားထိုးလာနိုင်သည်။




စက်ရုပ်များပေါ်ထွန်းလာခြင်းဖြင့် ကုန်ထုတ်လုပ်မှု စွမ်းပကား မြင့်မားတိုးတက်စေရန် အထောက်အကူ ရရှိသည်။ သိပ္ပံပညာရှင်များသည် လူ့ကိုယ်စားလုပ်ကိုင်ပေးနိုင်မည့် စက်ရုပ်များကို တီထွင်ဖော်ထုတ်နိုင်ရန် ကြိုးပမ်းကြရာမှ စက်ရုပ်နည်းပညာ (Robotics) ဟူသော စက်မှုနည်းပညာသစ်တစ်ရပ် ပေါ်ထွန်းလာပြီဖြစ်သည်။

စက်ရုပ်နည်းပညာသည် လူ့အကျိုးပြုပညာရပ်ဖြစ်သည့်အားလျော်စွာ စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများတွင်သာမက စက်မှုဖွံ့ဖြိုးဆဲနိုင်ငံများတွင်ပါ ယင်းနည်းပညာကို တိုးတက်အသုံးချနိုင်ရန် ကြိုးပမ်းလျက်ရှိကြသည်။

**စာမျက်နှာ ၆ ကော်လံ ၁ သို့ ❍**

**ကြေးမုံ The Mirror**

## ယနေ့ ဆောင်းပါးအညွှန်း

**ယနေ့ပြည်သူအားလုံးဟာ တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုရဲ့ အသီးအပွင့်တွေကို ကိုယ်တိုင်ရရှိခံစားနိုင်ခဲ့ကြပါပြီ။ နိုင်ငံ အေးချမ်းတည်ငြိမ်လာတာနဲ့အမျှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာသလို တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုနဲ့အညီ ပြည်သူအားလုံးရဲ့ အကျိုးစီးပွားပါ မြင့်မားတိုးတက် ဖြစ်ထွန်းလာတာကို အထင်အရှား တွေ့နိုင်ပါတယ်။**

**ကျော်မင်းလူ (ရွှေပြည်သာ)၏**

**"နိုင်ငံရဲ့ အနာဂတ် ပျောက်သွားမှာကို စိုးရိမ်မိပါတယ်"**

**(ဆောင်းပါး) စာမျက်နှာ - ၈၊ ၉**

ကြေးမုံ The Mirror
၃၀-၉-၂၀၀၈
(အင်္ဂါနေ့)

## နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ မြှင့်တင်ကြိုးပမ်း

နိုင်ငံတကာ၌ စီးပွားရေးတိုးတက်စေရန် အပြိုင်အဆိုင်ကြိုးပမ်းအားထုတ်နေကြသည်။ သဘာဝသယံဇာတ ပစ္စည်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ သီးနှံများ၊ သားငါးများကို တိုးမြှင့်ထုတ်လုပ်ကြပြီး နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချနေကြသည်။

မြန်မာနိုင်ငံ၏ထွက်ကုန်များကို တိုက်ရိုက်ကုန်သွယ်မှုပြုနိုင်သည့် နယ်စပ်ကုန်သွယ်ရေးဇုန်များ ထူထောင်ထားရှိပြီးဖြစ်သည်။ မူဆယ်မြို့ ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ငါး၊ ပုစွန်၊ ကဏန်း၊ ငါးရှဉ့် စသည့်ရေထွက်ပစ္စည်းများ၊ ပြောင်းဖူးစေ့၊ ပဲတီစိမ်း၊ ငရုတ်ကောင်း၊ ရော်ဘာနှင့် ဝဥခြောက်၊ သခွားမွှေး၊ နာနတ်သီး၊ ဖရဲသီးတို့ကို တင်ပို့လျက်ရှိသည်။ ရေထွက်ပစ္စည်းများ၊ နှမ်းနှင့်ပြောင်းဖူးစေ့များ တင်ပို့မှုပမာဏမှာ ယခင်နှစ်ကထက် မြင့်တက်လျက်ရှိသည်။

တနင်္သာရီတိုင်းအတွင်းရှိ မြိတ်နယ်စပ်ကုန်သွယ်မှုစခန်းနှင့် ကော့သောင်းနယ်စပ် ကုန်သွယ်မှုစခန်းတို့မှလည်း ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများ တင်ပို့လျက်ရှိသည်။ အထူးသဖြင့် ငါးမျိုးစုံ၊ ကင်းမွန်၊ ပုစွန်၊ ငါးအမှုန့်၊ ကဏန်းစသည်တို့ကို ရေကြောင်းလမ်းဖြင့်သာ တင်ပို့နေကြောင်းသိရသည်။

ဒုတိယအကြီးဆုံး နယ်စပ်ကုန်သွယ်ရေးစခန်းဖြစ်သည့် မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်ကို တည်ဆောက်လျက်ရှိရာ အအေးခန်းစက်ရုံနှင့်ဆိုင်ခန်းများ၊ လူနေပွဲရုံဆိုင်ခန်းများ၊ ပွဲရုံများ၊ ပို့ကုန်-သွင်းကုန် စစ်ဆေးရေးစခန်းများ၊ ကုန်စည်ပို့ဆောင်ရေး၏ အဓိကလမ်းပိုင်းနှင့် တံတားများတည်ဆောက်မှု ရာခိုင်နှုန်းပြည့်နီးပါး ပြီးစီးနေကြောင်း သိရသည်။

အလားတူ မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်ရေးစခန်းများလည်း ရှိရာ ကုန်သွယ်မှုလုပ်ငန်းဖွံ့ဖြိုးရေးတွင် အဓိကလိုအပ်သည့် လမ်းပန်းဆက်သွယ်မှု ပိုမိုချောမွေ့ကောင်းမွန်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ သက်ဆိုင်ရာဌာန၏ ထောက်ခံချက်ဖြင့် လယ်ယာကိုင်းကျွန်းထွက်ကုန်ပစ္စည်းများ၊ တွင်းထွက်နှင့် ဓာတ်သတ္တုပစ္စည်းများ၊ တိရစ္ဆာန်ထွက် ပစ္စည်းအချို့ကိုလည်း ပြည်ပသို့ တင်ပို့နိုင်ကြပြီဖြစ်သည်။

နိုင်ငံခြားကုန်သွယ်မှုတွင် ထွက်ကုန်ပစ္စည်းများကို ပင်လယ်ထွက်ပေါက်မှသာမက နယ်စပ်ကုန်သွယ်ရေးဇုန်များမှလည်း တိုက်ရိုက်ကုန်သွယ်မှုလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်လျက်ရှိရာ စီးပွားရေးလုပ်ငန်းရှင်ကုန်သည်များနှင့် ဝန်ထမ်းများက ဟန်ချက်ညီညီ ကြိုးပမ်းဖော်ဆောင်ကြခြင်းဖြင့် စီးပွားရေးတိုးတက်ဖြစ်ထွန်းမှု အကျိုးရလဒ်များ ပိုမိုရရှိလာမည်ဖြစ်ပါသည်။ ။

### ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ရေလှောင်တမံနှင့် လျှပ်စစ်မြစ်ရေတင်စီမံကိန်းများ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၉

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် စက်တင်ဘာ ၂၂ရက် နံနက် ၈ နာရီတွင် ပုဂံညောင်ဦးမြို့နယ် မြကန်ရေလှောင်တမံ ရေဝင်ရောက်မှုအခြေအနေကို လည်းကောင်း၊ လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်စီမံကိန်း ရေတင်စခန်း အမှတ်(၇)နှင့် အမှတ်(၆)တစ်ဝိုက်၌ မိုးစပါးစိုက်ပျိုးဖြစ်ထွန်းနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။**

ယင်းနောက် ဝန်ကြီးသည် ရေတင်စခန်း အမှတ်(၅)၏ ရေပေးမှုနှင့် မိုးစပါးစိုက်ပျိုးမှု၊ ရေတင်စခန်း အမှတ်(၄)မှ အမှတ်(၁)အတွင်း စိုက်ပျိုးဖြစ်ထွန်းနေသော မိုးစပါးစိုက်ခင်းများနှင့် ယာမှလယ် ပြောင်းလဲစိုက်ပျိုးရန် အကွက်ဖော်ထားမှုတို့ကို ကြည့်ရှုပြီးရှင်းလင်းဆောင်၍လောကနန္ဒာ လျှပ်စစ်မြစ်ရေတင် စီမံကိန်းဒေသတွင်မြစ်ရေတင်စီမံကိန်းဆောင်ရွက်မှုကြောင့် မိုးစပါးသာမက နွေစပါးကိုပါ ဧက ၅၀၀၀ကျော် စိုက်ပျိုးလာနိုင်မှု၊ ဒေသဆန်ဖူလုံရေးနှင့် ဈေးကွက်ဝင် အထွက်နှုန်းကောင်း စပါးမျိုးများ စိုက်ပျိုးရေး၊ မြေဆီလွှာထိန်းသိမ်းရေးနှင့်ဝါစိုက်တောင်သူများကိုတစ်ဧကလျှင် ပိဿာ ၁၆၀၀ ထွက်နိုင်သည့် ငွေချည်(၆)ဝါမျိုးသစ်များအောင်မြင်စွာ စိုက်ပျိုးနိုင်ရေး ကူညီဆောင်ရွက်ပေးရန် မှာကြားပြီး လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ဧရာဝတီမြစ်မှ ရေတင်စက်များဖြင့် ရေတင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ဝန်ကြီးသည် ချောက်မြို့နယ် စလေဒေသရှိ ဥမင်ကိုးပေါက် လျှပ်စစ်မြစ်ရေတင် စီမံကိန်း၏ ဧရာဝတီမြစ်မှရေတင်နေသည့် ရေတင်စက်နှင့် ရေငြိမ်ကန်၊ ရေပေးမြောင်းတို့မှ ရေပေးမှုနှင့် မော်တော်ကားလမ်းတစ်လျှောက် မိုးစပါးထွန်ယက်စိုက်ပျိုးနေမှုနှင့် စိုက်ပျိုးပြီး မိုးစပါးခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မကွေးမြို့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၌ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့်အတူ တိုင်းနှင့်ခရိုင် စိုက်ပျိုးရေး ညှိနှိုင်းမှုကော်မတီဝင်များ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်တွေ့ဆုံ၍ ဒေသဆန်ဖူလုံရေး၊ ယာမြေမှ လယ်မြေပြောင်း၍ စပါးတိုးချဲ့စိုက်ပျိုးရာတွင် သဘာဝမြေသြဇာ အသုံးပြုရေး၊ အထွက်ကောင်းသည့် သီးနှံမျိုးများ ပြောင်းလဲစိုက်ပျိုးရေး၊ တောင်သူများ တွက်ခြေကိုက်သည့် ငွေချည်(၆) ချည်မျှင်ရှည်ဝါ စိုက်ပျိုးရေးတို့ကို ရှင်းလင်း မှာကြားသည်။

မကွေးတိုင်းတွင် ဆည်ရေလှောင်တမံ၊ လျှပ်စစ်မြစ်ရေတင်၊ ဆည်ငယ်ကန်ငယ်၊ ရေစုပ်စက်နှင့်မြေအောက်ရေဖြင့် မိုးစပါးစုစုပေါင်း ၉၃၂၀၉၆ ဧက စိုက်ပျိုးရန်လျာထားရာ ယခုအခါ ၈၃၇၉၇၅ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ၂၀၀၈ ပညာသင်နှစ် ပထမအသုတ်၊ ဒုတိယအသုတ်နှင့် တတိယအသုတ် အတန်းတင်စာမေးပွဲများ အစီအစဉ်ထုတ်ပြန်ကြေညာ

**ရန်ကုန် စက်တင်ဘာ ၂၉**

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ၂၀၀၈ ပညာသင်နှစ် ပထမအသုတ် အတန်းတင်စာမေးပွဲများကို အောက်တိုဘာ ၆ရက်မှ ၁၃ရက်အထိ ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ဌာနခွဲများ၌ ကျင်းပမည်ဖြစ်သည်။

အလားတူ ဒုတိယအသုတ် အနီးကပ်ပို့ချသင်တန်းများကို အောက်တိုဘာ၁၅ရက်မှ ၂၄ရက်အထိ၊ အတန်းတင်စာမေးပွဲများကို အောက်တိုဘာ ၂၈ရက်မှ နိုဝင်ဘာ၄ရက်အထိ ရန်ကုန်အဝေးသင် တက္ကသိုလ်နှင့် မန္တလေးအဝေးသင် တက္ကသိုလ်တို့၏ ဌာနခွဲများ၌ ကျင်းပမည်ဖြစ်သည်။

ထို့အတူ တတိယအသုတ် အနီးကပ်ပို့ချသင်တန်းများကို နိုဝင်ဘာ ၇ ရက်မှ ၁၇ရက်အထိ၊ အတန်းတင်စာမေးပွဲများကို နိုဝင်ဘာ ၂၁ရက်မှ ၂၉ရက်အထိ ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင် တက္ကသိုလ်တို့၏ ဌာနခွဲများ၌ ကျင်းပမည်ဖြစ်သည်။

ဌာနခွဲအသီးသီးတွင် မှတ်ပုံတင်ထားသည့် ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့နှင့် သက်ဆိုင်ရာဌာနခွဲများ တည်ရှိသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၌ စာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။

အသေးစိတ် အစီအစဉ် ကြေညာချက်ကို ရန်ကုန်အဝေးသင်တက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်နှင့် သက်ဆိုင်ရာဌာနခွဲများ တည်ရှိရာ တက္ကသိုလ်၊ဒီဂရီကောလိပ်များ၌ ကြေညာထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မျိုးပွားကျန်းမာရေးပညာပေးဆိုင်ရာ သင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၉**

မျိုးပွားကျန်းမာရေးနှင့် ပတ်သက်သော အသိပညာဗဟုသုတများကို ပြည်သူများအား ဖြန့်ဝေပေးရန်ရည်ရွယ်ချက်ဖြင့် ပြုလုပ်သော ခေတ်မီဆက်သွယ်ရေး နည်းပညာသုံး၍ မျိုးဆက်ပွားကျန်းမာရေး ပညာပေးခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဆေးသုတေသန ဦးစီးဌာန (အောက်မြန်မာပြည်)၌ ကျင်းပရာ ဆေးသုတေသန ဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်ခင်ပြုံးကြည်က အမှာစကားပြောကြားသည်။

ကျန်းမာရေးဦးစီးဌာန ဗဟိုကျန်းမာရေးပညာဌာနနှင့် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)တို့ ပူးပေါင်းစီစဉ်ဆောင်ရွက်သော အဆိုပါ သင်တန်းကို အောက်တိုဘာ ၃ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ယင်းသင်တန်းသို့ ကျန်းမာရေး ဦးစီးဌာနနှင့် ဆေးသုတေသန ဦးစီးဌာန (အောက်မြန်မာပြည်)မှ သင်တန်းသား ၅၅ဦး တက်ရောက်ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

## အေးချမ်းခေတ်မီ မြန်မာပြည် ရောင်စုံဓာတ်ပုံပြိုင်ပွဲ စိစစ်အကဲဖြတ်

**ရန်ကုန် စက်တင်ဘာ ၂၉**

၂၀၀၉ ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စီစဉ်ကျင်းပသော အေးချမ်းခေတ်မီ မြန်မာပြည် ရောင်စုံဓာတ်ပုံပြိုင်ပွဲ၏ ဆုများ အကဲဖြတ်စိစစ်ခြင်း အခမ်းအနားကို စက်တင်ဘာ ၂၆ ရက် မွန်းလွဲ ၂ နာရီတွင် အမှတ်(၂၂၊ ၂၄)၊ ပန်းဆိုးတန်းလမ်းရှိ ရန်ကုန်တိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။



**ယှဉ်ပြိုင်**

အဆိုပါ အကဲဖြတ် စိစစ်ခြင်း အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်နှင့် မြန်မာနိုင်ငံဓာတ်ပုံအသင်းမှ ဓာတ်ပုံပညာရှင်များက ဆုများရွေးချယ် စိစစ်ခဲ့ကြသည်။ **(ဓါတ်ပုံ)** အေးချမ်းခေတ်မီ မြန်မာပြည် ရောင်စုံဓာတ်ပုံပြိုင်ပွဲသို့ မြန်မာနိုင်ငံအရပ်ရပ်မှ ပြိုင်ပွဲဝင်ဓာတ်ပုံပညာရှင် ၅၀က ပြိုင်ပွဲဝင် ဓာတ်ပုံပေါင်း ၁၇၅ ပုံဖြင့် ပါဝင် ယှဉ်ပြိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(တိုင်းပြန်/ဆက်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၃၀-၉-၂၀၀၈ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့အတူ ကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | အတီးပြိုင်ပွဲ |
| ၇း၅၀ | ၅။ | ကြေးမုံရိပ်သွင်တေးနှယဉ် |
| ၈း၀၅ | ၆။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက |
| ၈း၁၅ | ၇။ | ၂၀၀၈ခုနှစ်(၁၆)ကြိမ်မြောက်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ) (ဝါသနာရှင် ပထမတန်းအဆင့်) (အမျိုးသား၊အမျိုးသမီး) |
| ၈း၃၀ | ၈။ | International News. |
| ၈း၄၀ | ၉။ | "လှေကားသုံးထစ်ဆင်းတဲ့အခါ" (အရိုင်း၊မင်းသူ၊အေးသီတာခိုင်) (ဒါရိုက်တာ-သိန်းဟန်-ဖိုးနစ်) |
| ၈း၅၀ | ၁၀။ | အကပြိုင်ပွဲ |
| ၉း၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချိတေး၊ စစ်သည်တေး |
| ၄း၁၀ | ၂။ | နှောင်းခေတ်တေးပဒေသာ |
| ၄း၂၀ | ၃။ | အတီးပြိုင်ပွဲ |
| ၄း၃၀ | ၄။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၄း၃၅ | ၅။ | တေးဂီတအစီအစဉ် |
| ၄း၄၅ | ၆။ | ဆိုကြမယ်ပျော်ကြမယ် |
| ၅း၃၅ | ၇။ | ၂၀၀၈ခုနှစ်(၁၆)ကြိမ်မြောက်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန်(မဟာဂီတ) (ဝါသနာရှင် ဒုတိယတန်းအဆင့်) (အမျိုးသား၊အမျိုးသမီး) |
| ၆း၀၀ | ၈။ | ညနေခင်းသတင်း |
| ၆း၁၀ | ၉။ | မိုးလေဝသအခြေအနေ |
| ၆း၁၅ | ၁၀။ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ |
| ၆း၅၀ | ၁၁။ | သုတစုံလင်ရွှေဉာဏ်ရှင် |
| ၇း၁၅ | ၁၂။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ပန်းပျိုးလက်" (အပိုင်း-၁၄)** |
| ၈း၀၀ | ၁၃။ | ပြည်တွင်းသတင်း |
| | ၁၄။ | နိုင်ငံတကာသတင်းများ |
| | ၁၅။ | မိုးလေဝသအခြေအနေ |
| | ၁၆။ | လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက် |
| | ၁၇။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "မျက်ဝန်းရိပ်" (အပိုင်း-၁၄)** |
| | ၁၈။ | အစီအစဉ်ပြီး၏။ |

☆ ရှေ့ဖုံးမှ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်းတို့သည် ညနေ ၆နာရီ ၄၅မိနစ်တွင် ဧည့်ခံပွဲကျင်းပရာဆီဒိုးနားဟိုတယ်သို့ ရောက်ရှိလာကြရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Guan Mu က ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် ဇနီးတို့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက ၂၀၀၈ခုနှစ် ပေကျင်းအိုလံပစ်ပွဲတော် မှတ်တမ်းဓာတ်ပုံများကို ရှင်းလင်းပြသသည်။

ဧည့်ခံပွဲတွင် နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများကို တီးမှုတ်သည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Guan Mu တို့က (၅၉)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ကိတ်မုန့်ကို လှီးဖြတ်ပေးကြသည်။



ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် ဇနီးနှင့် တက်ရောက်လာကြသူများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်းတို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ (၅၉)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ကြရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr.Guan Mu ကြိုဆိုနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

## (၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်( ၄ )ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။



**အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shandong Shantui Construction Machinery Import and Export Co.,Ltd. မှ General Manager, Mr. Zhang Xiuwen ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ထိုင်းနိုင်ငံ Krung Thai Tractor Co., Ltd. မှ Vice Chairman, Mr. Sombat Laohapongchana ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ လာရောက်တွေ့ဆုံကြစဉ်။**

(သတင်းစဉ်)

# ဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား တရုတ်နှင့်ထိုင်း ကိုယ်စားလှယ်အဖွဲ့များ လာရောက်တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၉**

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shandong Shantui Construction Machinery Import and Export Co., Ltd. မှ General Manager, Mr. Zhang Xiuwen ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ထိုင်းနိုင်ငံ Krung Thai Tractor Co., Ltd. မှ Vice Chairman, Mr. Sombat Laohapongchana ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်း၌ လာရောက်တွေ့ဆုံကြသည်။

ထိုသို့ လာရောက်တွေ့ဆုံရာတွင် အမှတ်(၂) စက်မှုဝန်ကြီးဌာနနှင့် Shandong Shantui Construction Machinery Import and Export Co., Ltd.၊ Krung Thai Tractor Co., Ltd. တို့နှင့် ဆောင်ရွက်နေသည့် စက်မှုစီမံကိန်းများဆိုင်ရာ ကိစ္စရပ်များနှင့် ဆက်လက် ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပျိုရွယ်သူမျိုးဆက်ပွား ကျန်းမာရေးနည်းပြသင်တန်းဆင်း

**ရန်ကုန် စက်တင်ဘာ ၂၇**

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့မှ ပျိုရွယ်သူမျိုးဆက်ပွား ကျန်းမာရေး နည်းပြသင်တန်းဆင်းပွဲကို စက်တင်ဘာ ၂၇ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် စက်မှုဇုန်ရှိ ကနောင်ခန်းမ၌ကျင်းပသည်။ အခမ်းအနားသို့ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်နှင့် သင်တန်းနည်းပြများ၊ ခရိုင်နှင့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ရွှေပြည်သာနှင့် လှိုင်သာယာမြို့နယ်များမှ သင်တန်းသူများ တက်ရောက်ကြသည်။

ယင်းနောက် တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က သင်တန်း ဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းတင်ပြသည်။ ထို့နောက် သင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့သူများအား တာဝန်ရှိသူတို့က ဆုများချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ (၃၂၉)

# မုန်တိုင်းသင့်ပြည်သူများအတွက် အိန္ဒိယသမ္မတနိုင်ငံက အိမ်မိုးသွပ်ချပ်ရေ ငါးသိန်းခန့်ပေးအပ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၉

**မုန်တိုင်းသင့်ဒေသများရှိ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် အသုံးပြုရန် အိန္ဒိယသမ္မတနိုင်ငံမှ အိမ်မိုးသွပ်ချပ်ရေ ငါးသိန်းခန့် လွှဲပြောင်းပေးအပ်ပွဲကို ယနေ့ နံနက် ၁၁ နာရီခွဲတွင် မြန်မာ့ဆိပ်ကမ်းသီလဝါ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်လက်ခံသည်။**

လွှဲပြောင်းပေးအပ်ပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်မြင့်သိန်း၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမြင့်ထွန်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr. Bhaskar Kumar Mitra နှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေထံ အိန္ဒိယသမ္မတနိုင်ငံ ကိုယ်စား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Bhaskar Kumar Mitra က သွပ်ပြားများကို ပေးအပ်လှူဒါန်းပြီး သွပ်ပြားများ ထည့်ထားသည့် ကုန်သေတ္တာများကို လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ အိန္ဒိယသမ္မတနိုင်ငံ၏ လှူဒါန်းမှုမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၁ မီလီယံတန်ဖိုးရှိ အိမ်မိုးသွပ်ချပ်ရေ ငါးသိန်းခန့် စုစုပေါင်း မက်ထရစ်တန် ၁၀၂၀ ဒသမ ၈၃၀ရှိ ကုန်သေတ္တာ ၅၂လုံး ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)



**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေထံ အိန္ဒိယသမ္မတနိုင်ငံ ကိုယ်စား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Bhaskar Kumar Mitra က မုန်တိုင်းသင့်ဒေသများရှိ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် အသုံးပြုရန် အိန္ဒိယသမ္မတနိုင်ငံမှ လှူဒါန်းသော အိမ်မိုးသွပ်များကို လွှဲပြောင်းပေးအပ်စဉ်။**

(သတင်းစဉ်)

# နျူကလီးယားသဘောတူညီချက် အမေရိကန် ဖောက်ဖျက်ဟု မြောက်ကိုရီးယားစွပ်စွဲ

**ကုလသမဂ္ဂ စက်တင်ဘာ ၂၈**

ကုလသမဂ္ဂ အထွေထွေညီလာခံတွင် မြောက်ကိုရီးယား ဒုတိယနိုင်ငံခြားရေးဝန်ကြီး ပတ်ကီးယွန်းက အမေရိကန် ပြည်ထောင်စုသည် ခြောက်ပါတီ နျူကလီးယား သဘောတူညီချက်များကို မလိုက်နာကြောင်း စွပ်စွဲပြောကြားပြီး တန်ပြန်ရန် နည်းလမ်းများကို သုံးသွားမည်ဟု ခိုင်မာစွာ ပြောကြားလိုက်သည်။

သဘောတူညီချက်များကိုအကောင်အထည်ဖော်ရာတွင် အမေရိကန်ပြည်ထောင်စုသည် ၎င်းလိုက်နာဆောင်ရွက်ရမည့်ကိစ္စကို ဆောင်ရွက်ရန် ငြင်းဆိုခြင်းဖြင့် အတားအဆီးများ ပေါ်ပေါက်လာရန် ဖန်တီးလျက်ရှိသည်။

ခြောက်ပါတီ ဆွေးနွေးပွဲအတွင်း သို့မဟုတ် အမေရိကန်ပြည်ထောင်စုနှင့် မြောက်ကိုရီးယားတို့အကြား မည်သည့်အခါကမှ သဘောတူညီထားခြင်းမရှိသည့် နိုင်ငံတကာစံနှုန်းဟူသောစိစစ်ခြင်းတို့ကို ရှေ့တန်းတင်တောင်းဆိုလာသည်ဟု ၂၀၀၇ခုနှစ် အောက်တိုဘာ ၃ရက်ကရရှိသော သဘောတူညီချက်ကို ရည်ညွှန်း၍ မြောက်ကိုရီးယား အဆင့်မြင့်အရာရှိတစ်ဦးက ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုက တင်သွင်းလာသော နိုင်ငံတကာ စံနှုန်းဆိုသည်မှာ မြောက်ကိုရီးယား အစိုးရ၏အချုပ်အခြာ အာဏာပိုင်ဆိုင်မှုကို ထိပါးသော အိုင်အေအီးအေ၏ အထူးစစ်ဆေးခြင်းပင်ဖြစ်ကြောင်း၊ ယင်းသည် နောက်ဆုံး၌ နျူမြေပြန့်ပွားရေးစာချုပ်မှ နုတ်ထွက်စေခဲ့ကြောင်း ၎င်းကပြောကြားသည်။

အမေရိကန် ပြည်ထောင်စုက သဘောတူညီချက်ကို မလိုက်နာသဖြင့် မြောက်ကိုရီးယားနိုင်ငံကလည်းသက်ရောက်မှုအတွက် တန်ပြန်သက်ရောက်မှုဟူသောအခြေခံသဘောတရားအတိုင်း သင့်လျော်သည့်နည်းလမ်းများကို ဆောင်ရွက်လျက်ရှိသည်ဟု မြောက်ကိုရီးယား အရာရှိတစ်ဦးက ပြောကြားသည်။

၂၀၀၇ခုနှစ်နျူကလီးယားသဘောတူ စာချုပ်အရ မြောက်ကိုရီးယားသည် သံတမန်ရေးရာ လိုက်လျောမှု၊ စွမ်းအင်ထောက်ပံ့မှုတို့နှင့် အလဲအလှယ်အဖြစ် နျူကလီးယား အစီအစဉ်ဆက်လက်မဆောင်ရွက်ဘဲ နောက်ဆုံး ဖျက်သိမ်းသည်အထိ ဆောင်ရွက်ရမည်ဖြစ်သည်။ သို့သော် မြောက်ကိုရီးယားနှင့် အမေရိကန်ပြည်ထောင်စုအကြား နျူကလီးယားကိစ္စ စိစစ်မှုအပေါ်တွင် အငြင်းပွားနေသည့်အတွက် သဘောတူညီချက်မှာ ရပ်တန့်နေခြင်း ဖြစ်သည်ဟု ဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***






**နယူးယောက်မြို့ ကုလသမဂ္ဂအဆောက်အအုံတွင် စက်တင်ဘာ ၂၇ ရက်က လုံခြုံရေးကောင်စီ အစည်းအဝေး ကျင်းပနေစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

**အာကာသတွင်းလမ်းလျှောက်သည့်ခရီးစဉ်တွင် ပါဝင်ခဲ့သည့် တရုတ် အာကာသယာဉ်မှူး သုံးဦး ပေကျင်းသို့ ပြန်လည်ရောက်ရှိလာသည်ကို စက်တင်ဘာ၂၉ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*



# တူရကီဆေးရုံတွင် မွေးကင်းစကလေး အများအပြား ဆက်တိုက်သေဆုံး

**အန်ကာရာ(တူရကီ)စက်တင်ဘာ ၂၈**

တူရကီနိုင်ငံတွင် သီတင်းနှစ်ပတ်အတွင်းမှာပင် မွေးကင်းစကလေးငယ် စုစုပေါင်း ၂၇ဦးဆက်တိုက်သေဆုံးခဲ့ရကာ အများစုမှာ ကူးစက်ရောဂါကြောင့် သေဆုံးရသည့် ဝမ်းနည်းကြေကွဲဖွယ် အဖြစ်အပျက်တစ်ခု ဇူလိုင်လအတွင်းက ဖြစ်ပေါ်ခဲ့သည်။

ယခုအခါတွင်လည်း အဇ်မီရာမြို့ အနောက်ဘက်ရှိ အခြားဆေးရုံတစ်ခုတွင် အလားတူ ဖြစ်ရပ်ဆိုးမျိုး ပြီးခဲ့သည့် စက်တင်ဘာ ၂၇ ရက်တွင် ထပ်မံကြုံတွေ့ရပြန်သည်။ ယင်းနေ့တွင် ကလေးငယ် ၁၃ ဦး လမစေ့မီ မွေးဖွားကာ ၂၄နာရီ အတွင်းမှာပင် သေဆုံးခဲ့ကြရသည်။ အဆိုပါ ဖြစ်ရပ်သည် ပြုစုကုသမှုပိုင်းတွင် လိုအပ်ချက်ရှိခြင်းကြောင့်ဟု ယူဆရသည်။

တူရကီတွင် ဖြစ်ပွားခဲ့ရသည့် မွေးကင်းစကလေး အများအပြား သေဆုံးရမှုအား ဥရောပသမဂ္ဂနှင့် ပူးပေါင်းကာ ခေတ်မီနည်းစနစ်များကိုလက်ခံကျင့်သုံးပြီးပြဿနာဇစ်မြစ်ကို ရှာဖွေနိုင်ရန် တာဝန်ရှိသူများက ကြိုးစားလျက်ရှိသည်။

**သုံးသပ်**

အဆိုပါကလေး အများအပြား သေဆုံးရမှုသည် တူရကီနိုင်ငံရှိ ဆေးရုံများတွင် အရည်အချင်းပြည့်မီသော သားဖွားဝန်ထမ်းများ ရှားပါးမှုကြောင့် ဖြစ်ရကြောင်းနှင့် ဆေးရုံအများစုတွင် သားဖွားအထူးကြပ်မတ်ကုသဆောင်များလိုအပ်လျက်ရှိပြီး နာမကျန်းသူကလေးငယ်များနှင့် လမစေ့မီ မွေးဖွားသော ကလေးငယ်များအားအစ္စတန်ဘူလ်၊အန်ကာရာနှင့် အဇ်မီရာမြို့များတွင်ရှိသော ဆေးရုံကြီးများသို့ မကြာခဏ ပို့ဆောင်ပေးနေရသဖြင့် ယင်းသို့ ကူးပြောင်းချိန်တွင် ကလေးငယ်များအားတစ်နေရာတည်းမှာပင်စုပြုံထားရှိခဲ့ကြကြောင်း၊ သို့ဖြစ်၍ကူးစက်ရောဂါအန္တရာယ်ကိုပိုမိုခံစားရသည်ဟုယူဆရကြောင်းကျွမ်းကျင်သူများက သုံးသပ်ကြသည်။

နို့စို့ကလေးအများစုမှာ အဇ်မီရာ ဆေးရုံသို့ ရွှေ့ပြောင်းစဉ် သေဆုံးခဲ့ကြရကြောင်း သိရသည်။ ***အင်တာနက်။***

# ဘူလ်ဂေးရီးယားကမ်းလွန်တွင် သင်္ဘောတစ်စင်းနစ်မြုပ်

**ဆိုဖီရာ စက်တင်ဘာ ၂၉**

ဘူလ်ဂေးရီးယားနိုင်ငံ ကမ်းလွန်တွင် စက်တင်ဘာ ၂၇ ရက်က ပင်လယ်နက်တွင် မုန်တိုင်းထန်သဖြင့် သင်္ဘောသား ၁၃ ဦး ပါသော ယူကရိန်း သို့မဟုတ် ရုရှားပိုင် သင်္ဘောတစ်စင်း နစ်မြုပ်သွားကြောင်း အာဏာပိုင်များက ပြောကြားသည်။

သတ္တုအပိုင်းအစများ သယ်ဆောင်လာသော တန် ၅၀၀၀ရှိ တော်စတွိုင်း သင်္ဘောသည် ဒုက္ခရောက်နေသည့် အချက်ပြဆက်သွယ်ခြင်းများလည်း မပြုလုပ်ခဲ့ကြောင်း ဘူလ်ဂေးရီးယားရေကြောင်းရုံး အကြီးအကဲ နီကိုလိုင်အေပို့စ်ကိုလော့ဗ်က ပြောကြားသည်။ ဘူလ်ဂေးရီးယား အာဏာပိုင်များကို ရုရှားဂြိုဟ်တုဆက်သွယ်ရေး ဗဟိုဌာနမှနေ၍ အသိပေးအကြောင်းကြားခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

သင်္ဘောသားများမှာ ယူကရိန်းနိုင်ငံသားများ ဖြစ်ဖွယ်ရှိပြီး မာလိန်မှူးမှာ ရုရှားဖြစ်ဟန်ရှိသည်။ အားလုံးမှာ ပျောက်ဆုံးလျက်ရှိသည်ဟု သတင်းဌာနများက ဖော်ပြသည်။ ကယ်ဆယ်ရေး ရဟတ်ယာဉ်များနှင့် သင်္ဘောများသည် ဘူလ်ဂေးရီးယားနိုင်ငံ၏မြောက်ပိုင်း ပင်လယ်နက်တွင် သင်္ဘောသားများကို ရှာဖွေလျက်ရှိရာ ရာသီဥတုဆိုးရွားသဖြင့် အခက်အခဲများနှင့် ကြုံတွေ့နေရသည်ဟု ဆိုသည်။ ***အင်တာနက်။***

# သဘာဝဘေးအန္တရာယ်သတင်းများ



## ရေကြီးခြင်း၊ မြေပြိုခြင်းကြောင့် နီပေါအနောက်ပိုင်း၌ ၆၄ဦးသေဆုံး

**ခတ္တမန္ဒူ စက်တင်ဘာ ၂၈**

နီပေါနိုင်ငံ ဒုတိယဝန်ကြီးချုပ်က တိုင်းပြုပြည်ပြုလွှတ်တော်၌ နိုင်ငံအနောက်ပိုင်းတွင် ရေကြီးခြင်းနှင့် မြေပြိုခြင်းများ ကြောင့် ၆၄ ဦးသေဆုံးရခြင်းကို အစီရင်ခံခဲ့သည်ဟု အာရ်အက်စ်အက်စ်သတင်းဌာနက စနေနေ့တွင် ပြောကြားသည်။

၎င်းက ကီလာလီ၊ ကန်ချန်ပူရာ၊ ဒါဒယ်ဟူရာ၊ ဘာဂျူရာ၊ ဒိုတီ၊ ဆယ်ရန်၊ ဘာဂျမန်နှင့် ဒါချူလာဒေသတို့တွင် လူထောင်ပေါင်းများစွာတို့သည် ရေကြီးမှုများ၊ မြေပြိုခြင်းများနှင့် ကြုံတွေ့နေရသည်ဟုဆိုသည်။

ရေဘေးဒဏ်ခံရသော ခရိုင်များအတွက် ရူပီး ၇၇ ဒသမ ၃ သန်း သုံးစွဲမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

စက်တင်ဘာ ၁၉ရက်မှ စက်တင်ဘာ ၂၁ရက်ထိ မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် လူအများအပြားသေဆုံးပြီး မိသားစု ထောင်ပေါင်းများစွာ အိုးအိမ်မဲ့ဖြစ်ရကြောင်း နီပေါနိုင်ငံပြည်ထဲရေး ဝန်ကြီးဌာနက ပြောကြားသည်။ ***အင်တာနက်။***

## တိုင်ဖွန်းမုန်တိုင်း ဂျင်မီ တရုတ်(တိုင်ပေ)သို့ ရွေ့လျား

**မနီလာ စက်တင်ဘာ ၂၈**

တိုင်ဖွန်းမုန်တိုင်း ဂျင်မီသည် စက်တင်ဘာ၂၈ ရက်တွင် တရုတ်(တိုင်ပေ)သို့ ရွေ့လျားတိုက်ခတ်လာကြောင်း ဖိလစ်ပိုင်မိုးလေဝသဌာနက ပြောကြားသည်။

အဆိုပါ မုန်တိုင်းသည် စက်တင်ဘာ ၂၈ ရက် နံနက် ၄ နာရီက ဘာစကိုဒေသ မြောက်ဘက်နှင့် အရှေ့မြောက်ဘက်ကီလိုမီတာ ၂၂၀အကွာ၌ တစ်နာရီ ၂၁၅ ကီလိုမီတာနှုန်းဖြင့် မုန်တိုင်းဗဟိုချက် ရွေ့လျားနေပြီး လေပြင်းတိုက်ခတ်မှုသည် တစ်နာရီကီလိုမီတာ၂၅၀နှုန်းအထိ အားကောင်းနိုင်ကြောင်း ဖိလစ်ပိုင် မိုးလေဝသဌာနက ပြောကြားသည်။

မိုးလေဝသဗျူရိုက ဂျင်မီမုန်တိုင်းသည် အနောက်မြောက်ဘက်သို့ ရွေ့လျားတိုက်ခတ်နေပြီး စက်တင်ဘာ ၂၈ရက် မွန်းလွဲပိုင်းတွင် ဘာစကိုဒေသမြောက်ဘက် ကီလိုမီတာ ၃၀၀ အကွာ သို့မဟုတ် တရုတ်(တိုင်ပေ) အရှေ့ပိုင်း ကမ်းရိုးတန်းသို့ ဝင်ရောက်တိုက်ခတ်မည်ဟု ခန့်မှန်းထားသည်။ ***အင်တာနက်။***

## ဖိလစ်ပိုင်၌ အင်အားပြင်းငလျင်လှုပ်

**မနီလာ စက်တင်ဘာ ၂၈**

ဖိလစ်ပိုင်နိုင်ငံ မင်ဒိုရိုဒေသတွင် ရစ်ချ်တာစကေး ၆ ဒသမ ၁ ရှိ ငလျင်လှုပ်သွားကြောင်း အဆိုပါငလျင်သည် စက်တင်ဘာ ၂၇ရက် နံနက် ၃နာရီ ၉မိနစ်က လှုပ်ခဲ့ကြောင်း အမေရိကန် ဘူမိတိုင်းတာရေးအဖွဲ့က ပြောကြား သည်။

ယင်းငလျင်သည် ဖိလစ်ပိုင်နိုင်ငံ လူဇုန်ဒေသ ဘာတန်ဂတ် အနောက်တောင်ဘက် ၅ကီလိုမီတာ၊ မင်ဒိုရိုဒေသ ကာလာပန် အနောက်ဘက် ၇၅ကီလိုမီတာ၊ မနီလာမြို့အနောက်တောင်ဘက် ၁၄၅ ကီလိုမီတာနှင့် လူဇုန်ဒေသ အိုလွန်ဂါပိုတောင်ဘက် ကီလိုမီတာ ၆၀အကွာတို့ကို ဗဟိုပြု၍ လှုပ်သွားခြင်းဖြစ်ကြောင်းသိရသည်။

ထိုငလျင်ကြောင့် ဒဏ်ရာရရှိခြင်းနှင့် ပျက်စီးဆုံးရှုံးမှုမရှိဟု ဆိုသည်။ ***အင်တာနက်။***

# ပီရူးနိုင်ငံတွင် ကိုယ်ပိုင်လေယာဉ်ပျက်ကျ၊ နှစ်ဦးသေဆုံး

**လီမာ စက်တင်ဘာ ၂၈**

ပီရူးနိုင်ငံ၏မြို့တော် လီမာတွင် စက်တင်ဘာ ၂၇ ရက်က ကိုယ်ပိုင်လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့သဖြင့် လေယာဉ်ပေါ်၌လိုက်ပါလာသူ နှစ်ဦးစလုံး သေဆုံးခဲ့ရကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ယင်းလေယာဉ်သည် စက်တင်ဘာ ၂၇ရက် မွန်းလွဲပိုင်းတွင် လီမာမြို့အနီး ဘာရန်ကိုဒေသရှိ ကျောင်းတစ်ခုအတွင်း ပျက်ကျခဲ့ခြင်းဖြစ်သည်။

အဆိုပါ ပျက်ကျမှုတွင် ဆရာတစ်ဦးနှင့် ၁၈ နှစ်အရွယ် ကျောင်းသားတစ်ဦးတို့ ပွဲချင်းပြီးသေဆုံးခဲ့သည်ဟု ဒေသဆိုင်ရာတာဝန်ရှိသူက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ရှိ အမျိုးသား ကဇာတ်ရုံ မီးလောင်နေသည်ကို စက်တင်ဘာ ၂၇ ရက်က မီးသတ်တပ်ဖွဲ့များ ငြိမ်းသတ်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# အီဂျစ် အမျိုးသားကဇာတ်ရုံ မီးလောင် လူခြောက်ဦးထက်မနည်း ဒဏ်ရာရရှိ

**ကိုင်ရို စက်တင်ဘာ ၂၈**

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့လယ်ကောင်ရှိ အမျိုးသားကဇာတ်ရုံတွင် စနေနေ့က မီးလောင်မှုဖြစ်ရာ ခြောက်ဦးထက်မနည်း ဒဏ်ရာရရှိသည်ဟု မီနာသတင်းဌာနက သတင်းထုတ်ပြန်သည်။

**ပြောကြား**

မီးလောင်ကျွမ်းမှုဖြစ်ပွားရာ နေရာတွင် ရဲတပ်ဖွဲ့ဝင်နှစ်ဦး၊ မီးသတ်သမားတစ်ဦးနှင့် ပြဇာတ်ရုံဝန်ထမ်းတစ်ဦး အပါအဝင် ဒဏ်ရာရရှိသူလေးဦးကို ဆေးဝါးကုသမှု ခံယူရန် အနီးရှိ ဆေးရုံသို့ ချက်ချင်းတင်ပို့ခဲ့ပြီး မီးသတ်တပ်ဖွဲ့ဝင် နှစ်ဦးမှာလည်း ကုသမှု ခံယူလျက်ရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာန အကြီးအကဲ မိုဟာမက်စူလ်တန်ကပြောကြားသည်။

ပြဇာတ်ရုံခန်းမကြီးတွင် လောင်ကျွမ်းသောမီးကို ဒေသစံတော်ချိန် ညနေ ၅ နာရီ ၄၅ မိနစ်ခန့်၌ ထိန်းချုပ်နိုင်ခဲ့ကြောင်း အီဂျစ်နိုင်ငံ ရုပ်မြင်သံကြားမှ ထုတ်လွှင့်သည်။

မီးလောင်မှုဖြစ်သည်ဟု ကြားသိခဲ့ရပြီးနောက် အီဂျစ်ယဉ်ကျေးမှုဌာန ဝန်ကြီး ဖာရော့ဟော့စနီသည် အခင်းဖြစ်ရာ နေရာသို့ ရောက်ရှိလာသည်။ ထိုမီးသည် ဝါယာရှော့ခ်ဖြစ်ရာမှ စတင်လောင်ကျွမ်းသောမီး ဖြစ်နိုင်သည်ဟု သတင်း၌ ဖော်ပြထားသည်။

အလုပ်ခေတ္တနားချိန်မတိုင်မီ ၁၀ မိနစ်ခန့်တွင် ပြဇာတ်စင်ပေါ်ရှိ လိုက်ကာမှစတင်၍ မီးလောင်ကျွမ်းခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ရှာရက်ဖ်ဂိုမာက မီနာသတင်းဌာနသို့ ပြောကြားသည်။

**အင်တာနက်။**

# ထိပ်တန်း အာဖဂန် ရဲမေတစ်ဦးကို တာလီဘန်များ သတ်ဖြတ်

**ကမ်ဒါဟာ(အာဖဂန်နစ္စတန်) စက်တင်ဘာ ၂၈**

အာဖဂန်နစ္စတန်တောင်ပိုင်း ကမ်ဒါဟာမြို့တွင် နိုင်ငံ၏ထင်ရှားသော အမျိုးသမီးရဲဝန်ထမ်းတစ်ဦးအား သေနတ်သမားများက ပစ်ခတ်သတ်ဖြတ်ခဲ့ကြသည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

သူမသည် ကမ်ဒါဟာဒေသရှိ ပြစ်မှုတားဆီးကာကွယ်ရေးဌာနမှ အမျိုးသမီး ရဲဝန်ထမ်းအကြီးအကဲတစ်ဦးဖြစ်သူ ဒုတိယ ဗိုလ်မှူးကြီး မာလာလီကာကရာ ဆိုသူဖြစ်ပြီး အလုပ်သို့သွားရန် ပြင်ဆင်နေချိန် ကားအတွင်း၌ လုပ်ကြံခံခဲ့ရခြင်းဖြစ်သည်။ ယင်းဖြစ်ပွားမှုတွင် ၎င်း၏သားဖြစ်သူလည်း ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ဆိုသည်။

အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ တာလီဘန်များက ၎င်းတို့၏လက်ချက်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး ၎င်းတို့သည် ရဲတပ်ဖွဲ့နှင့်ဆက်နွှယ်လျက်ရှိသော အမျိုးသမီးများအား အဓိကထားကာ သုတ်သင်ရှင်းလင်းသွားမည်ဟု ဆိုသည်။

**အင်တာနက်။**

# ဘာဂျာရာဒေသတွင် စစ်သွေးကြွ ၁၆ ဦးကို ပါကစ္စတန်တပ်ဖွဲ့က သုတ်သင်ရှင်းလင်း

**ကဟာ(ပါကစ္စတန်) စက်တင်ဘာ ၂၈**

အာဖဂန်နယ်စပ်အနီးရှိ လူမျိုးစုဒေသတွင် တာလီဘန်စစ်သွေးကြွများနှင့် ပါကစ္စတန်တပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားရာ တာလီဘန်တို့ဘက်မှ ၁၆ ဦး ထက်မနည်း သေဆုံးခဲ့ရကြောင်း အာဏာပိုင်များက စက်တင်ဘာ ၂၈ ရက်တွင် ပြောကြားသည်။ ပြီးခဲ့သည့် စက်တင်ဘာ ၂၇ ရက်က မတည်မငြိမ် ဖြစ်လျက်ရှိသော ဘာဂျာရာ လူမျိုးစုဒေသ ကဟာမြို့အနီးရှိ စစ်ဘက်လုံခြုံရေးစခန်း သုံးခုအား စစ်သွေးကြွများက စီးနင်းတိုက်ခိုက်ခဲ့ရာ ပါကစ္စတန်တပ်ဖွဲ့က အမြောက်များ၊ စိန်ပြောင်းများဖြင့် ပြန်လည်ပစ်ခတ်ခဲ့သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

**တိုက်ခိုက်**

ထို့နောက်တွင် စက်တင်ဘာ ၂၈ ရက် အစောပိုင်း၌ အဆိုပါဒေသအတွင်းရှိ စစ်သွေးကြွများ ခိုအောင်းရာ ကျေးရွာသုံးရွာအား တိုက်ခိုက်ရေးရဟတ်ယာဉ်များနှင့် ဗုံးကြဲတိုက်လေယာဉ်များကို အသုံးပြုကာ တိုက်ခိုက်ခဲ့ကြောင်း ၎င်းတို့က ဆိုသည်။

**ထိုးစစ်ဆင်**

မကြာသေးမီ သီတင်းပတ်အတွင်းမှ စတင်ကာ အယ်လ်ခိုင်ဒါများ တပ်စွဲထားသည်ဟု ယူဆရသော ဘာဂျာရာဒေသရှိ စစ်သွေးကြွများအား ပါကစ္စတန်တပ်ဖွဲ့က ထိုးစစ်ဆင်နွှဲလာခဲ့သည်။ ယင်းသီတင်းခြောက်ပတ်ကြာ တိုက်ပွဲများအတွင်း အယ်လ်ခိုင်ဒါဘက်မှ တပ်မှူးတစ်ဦး အပါအဝင် စစ်သွေးကြွ ၁၀၀၀ ကျော် သေဆုံးခဲ့ပြီးဖြစ်သည့်အပြင် အစိုးရတပ်ဖွဲ့ဝင် ၂၇ ဦးထက်မနည်း သေဆုံးခဲ့ရသည်ဟု ဆိုသည်။

**အင်တာနက်။**

# အီသီယိုးပီးယား၌ ပေါက်ကွဲမှုဖြစ် လူသုံးဦး သေဆုံး၊ ၁၅ ဦးဒဏ်ရာရရှိ

**အဒစ္စအဘာဘာ စက်တင်ဘာ ၂၈**

အီသီယိုးပီးယားနိုင်ငံ အရှေ့ပိုင်းတွင် တနင်္ဂနွေနေ့က ပေါက်ကွဲမှုဖြစ်ရာ သုံးဦးထက်မနည်း သေဆုံးပြီး ၁၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ထိုပေါက်ကွဲမှုသည် အကြမ်းဖက်တိုက်ခိုက်မှု ဟုတ်၊ မဟုတ် သိရှိနိုင်ရန် ထောက်လှမ်းရေးသမားများက အလျင်အမြန် စုံစမ်းဖော်ထုတ်သွားမည် ဖြစ်သည်ဟု ဒီမတ်ချ်ဟိုင်လူက ပြောကြားသည်။

အီသီယိုးပီးယားနိုင်ငံ မြို့တော်အရှေ့ပိုင်းရှိ ဂျီဂျီဂါဒေသမှ ဟိုတယ်အနီးတွင် ပေါက်ကွဲမှုဖြစ်ခဲ့ကြောင်း ဗဟိုရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဟိုင်လူက ပြောကြားသည်။

ဂျီဂျီဂါဒေသ ဟိုတယ်အနီး၌ တနင်္ဂနွေနေ့ နံနက်က ပေါက်ကွဲမှုကြောင့် သုံးဦးသေဆုံးပြီး ၁၅ ဦးကျော် ဒဏ်ရာရရှိခဲ့သည်ဟု ၎င်းက ဆိုသည်။

**အင်တာနက်။**

# နိုင်ငံစုံတပ်ဖွဲ့၏ ထိုးစစ်ဆင်မှုကြောင့် အာဖဂန်အရပ်သား သုံးဦး သေဆုံး

**ကဘူး စက်တင်ဘာ ၂၈**

အာဖဂန်နစ္စတန် အရှေ့ပိုင်းတွင် ဖြစ်ပွားခဲ့သည့် အသေခံဗုံးဖောက်ခွဲမှုဖြစ်စဉ်တစ်ခုအား အဓိကပစ်မှတ်ထားကာ အမေရိကန် ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့မှ စစ်ဆင်ရေးတစ်ခုအား ဆင်နွှဲခဲ့ရာတွင် အာဖဂန်အရပ်သားသုံးဦး သေဆုံးခဲ့ရကြောင်း အာဖဂန်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက ပြောကြားသည်။

လူမျိုးစုများ နေထိုင်ရာအက်စ်မာဒေသအား နိုင်ငံစုံတပ်ဖွဲ့က လေကြောင်းမှ တိုက်ခိုက်ခဲ့သဖြင့် အရပ်သားသုံးဦး သေဆုံးရသည်ဟု ကူနာပြည်နယ် အရှေ့ဘက်ရှိ ပြည်နယ်ရဲတပ်ဖွဲ့မှ အကြီးအကဲဖြစ်သူ ဂင်အဗ္ဗဒူဂျယ်လားဂျယ်လားက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် အရပ်သားများ သေဆုံးရမှု အခြေအနေမှာ ပြည်သူများ မလိုလားသောဖြစ်ရပ်ဖြစ်၍ အထိမခံသည့် ကိစ္စတစ်ရပ်ဖြစ်သည်။ အာဖဂန်သမ္မတ ဟာမက်ကာဇိုင်းက စစ်ဆင်ရေးများအတွင်း အရပ်သားများ သေဆုံးရမှု မဖြစ်ပေါ်စေရေးအတွက် နိုင်ငံစုံတပ်ဖွဲ့အား မေတ္တာရပ်ခံခဲ့သည်ဟု သိရှိရသည်။

**တင်းမာ**

ဟာရက်ပြည်နယ် အနောက်ဘက်တွင် ဩဂုတ် ၂၂ ရက်က အမေရိကန်တို့၏ ထိုးစစ်ဆင်မှုကြောင့် အရပ်သား ၉၀ ခန့် သေဆုံးခဲ့ရသည့်အတွက် အမေရိကန်နှင့် အာဖဂန်နှစ်နိုင်ငံကြား ဆက်ဆံရေး တင်းမာလာစေခဲ့သည်ဟု ဆိုသည်။

**အင်တာနက်။**



တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ ရေသတ္တဝါပြတိုက်တွင် လင်းပိုင်နှင့် ပင်လယ်ဖျံတို့ လေ့ကျင့်ပေးသူများ စေခိုင်းချက်ကို လိုက်နာကာ နမ်းနေကြသည်ကို စက်တင်ဘာ ၂၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)






အယ်လ်ဂျီးရီးယားနိုင်ငံ မြို့တော် အယ်လ်ဂျီးရပ်စ်တွင် စက်တင်ဘာ ၂၈ ရက်က ဗုံးပေါက်ကွဲမှု ဖြစ်ပွားသည့် နေရာအား တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# စွမ်းအင်ပြဿနာကို ကမ္ဘာ့အဖွဲ့အစည်း ဖွဲ့စည်း၍ ဖြေရှင်းသင့်ကြောင်း ဘာရိန်းနိုင်ငံဝန်ကြီးအကြံပြု

**ကုလသမဂ္ဂ စက်တင်ဘာ ၂၈**

ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်အဖွဲ့အစည်းတစ်ရပ် ထူထောင်ရန် လိုအပ်ကြောင်း ဘာရိန်းနိုင်ငံ နိုင်ငံခြားရေးဌာန ဝန်ကြီး ခါလစ်ဘင်အာမက်ဘင်မိုဟာမက်အယ်လ်ခါလီဖာက စက်တင်ဘာ ၂၇ ရက်တွင် ပြောဆိုလိုက်သည်။

စွမ်းအင်ဆိုင်ရာကိစ္စသည် တစ်ကမ္ဘာလုံးကို လွှမ်းခြုံ၍ ရိုက်ခတ်နိုင်သော ပြဿနာမျိုးဖြစ်၍ ထိုကိစ္စမျိုးကို ဖြေရှင်းရန် ကမ္ဘာနှင့်ချီ၍ ဖြေရှင်းရန်လိုအပ်သည်ဟု ကုလသမဂ္ဂအထွေထွေညီလာခံတွင် ခါလစ်က ပြောကြားသွားခြင်းဖြစ်သည်။

မျက်မှောက်ကာလတွင် စွမ်းအင်ပြဿနာကို ကိုင်တွယ်ရာ၌ စုစည်းမှုမရှိဘဲ ဟိုတစ်စဒီတစ်စသာ ကိုင်တွယ်ဖြေရှင်း နေကြသည်။ အားလုံးနှင့် သက်ဆိုင်သည့် ကိစ္စဖြစ်၍ ကမ္ဘာ့နိုင်ငံများအနေဖြင့် ပူးပေါင်းလုပ်ဆောင်သင့်ကြောင်း ၎င်းက ဆော်ဩသွားသည်။

**အမ်အင်အေ၊ ဆင်ဟွာ။**

# ရွှေတိဂုံစေတီတော် ရွှေသင်္ကန်းတော်ကပ်လှူရေး၊ ရွှေထီးတော်ကြွခိုင်ရေးနှင့် ကိုယ်လုံးတော်ကြွခိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၉

**ရွှေတိဂုံစေတီတော် ရွှေသင်္ကန်းတော်ကပ်လှူရေး၊ ရွှေထီးတော်ကြွခိုင်ရေးနှင့် ကိုယ်လုံးတော်ကြွခိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ရွှေတိဂုံစေတီတော် ရွှေဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။**

ရှေးဦးစွာ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံ ပြုပြင်မွမ်းမံတည်ဆောက်ရေး ဦးစီးကော်မတီ နာယက၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရ မြင့်မောင်က အမှာစကားပြောကြားသည်။

ထို့နောက် ရွှေတိဂုံစေတီတော်၏ ထာဝရဘက်စုံ ပြုပြင်မွမ်းမံတည်ဆောက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များနှင့် ဆပ်ကော်မတီအသီးသီးတို့က ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ကြာမောက်ကြာလန်ဇရိယာအား ပြုပြင်မွမ်းမံမည့်အစီအစဉ်များ၊ ထီးတော်ကြွခိုင်ရေး ဆောင်ရွက်မည့် အစီအစဉ်များနှင့်လုံးတော်ပြည့်ရွှေသင်္ကန်းတော် ဆက်ကပ်လှူဒါန်းမည့် အစီအစဉ်များကို အသေးစိတ် ရှင်းလင်းတင်ပြကြရာ ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ယင်းနောက် ဝန်ကြီးသည် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ကြာမောက်ကြာလန်ပုံသဏ္ဌာန်ငယ်များကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

## ❍ လူသားအကျိုးပြုမှု

စက်ရုပ်နည်းပညာအရအနောက်အုပ်စုနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်သော အာရှနိုင်ငံများတွင် ဂျပန်၊ တောင်ကိုရီးယားနှင့် တရုတ်နိုင်ငံတို့ ပါဝင်သည်။

ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် အာရှဒေသတွင် စက်ရုပ်နည်းပညာအရ ယှဉ်ပြိုင်မှုအမြင့်မားဆုံးနိုင်ငံများ ဖြစ်သည်။ အဆိုပါနှစ်နိုင်ငံသည်အများပြည်သူသုံးစက်ရုပ်များကို ဈေးကွက်၌ အပြိုင်အဆိုင် ရောင်းချနိုင်ရန်ကြိုးပမ်းလျက်ရှိကြောင်း သတင်းများတွင် ဖတ်ရှုရသည်။

မကြာသေးမီက ဖတ်ရှုခဲ့ရသည့် သတင်းတစ်ရပ်တွင် တောင်ကိုရီးယားနိုင်ငံ၌ ၂၀၁၀ ပြည့်နှစ်ထက်နောက်မကျဘဲ နေအိမ်တိုင်းတွင် စက်ရုပ်တစ်ရုပ်စီ ရှိနေရန် အစိုးရက ရည်မှန်းချက် ချမှတ်ထားကြောင်း ဖော်ပြထားသည်။

စက်ရုပ်နည်းပညာ တိုးတက်လာမှု ပြယုဂ်တစ်ရပ်မှာ စက်ရုပ်ပြပွဲများကိုပင် ခင်းကျင်းပြသလာခြင်း ဖြစ်သည်။ စက်ရုပ်ထုတ်လုပ်သောနိုင်ငံတကာ ကုမ္ပဏီများသည် ဈေးကွက်တိုးချဲ့ရန် ရည်ရွယ်လျက် နိုင်ငံတကာ စက်ရုပ်ပြပွဲများတွင် အပြိုင်အဆိုင် ပြသလျက်ရှိကြသည်။

ယနေ့ကာလအသုံးပြုလျက်ရှိသော စက်ရုပ်များမှာ နည်းပညာအရ အလွန်အဆင့်မြင့်မားပုံကို လေ့လာသိရှိရသည်။ ဗျူကလီးယားဓာတ်အားပေးစက်ရုံများ၌ သန့်ရှင်းရေးလုပ်ကိုင်နိုင်ရန် ဗြိတိသျှ သိပ္ပံပညာရှင်များ တီထွင်ထုတ်လုပ်ထားသော စက်ရုပ်ဆိုလျှင် ဓာတ်ရောင်ခြည်သင့်မှု (Radiation)ကို ခုခံနိုင်စွမ်းရှိသည်။ ယင်းစက်ရုပ်၏ ဟိုက်ဒရောလစ် စွမ်းအင်သုံး လက်မောင်းမှာ ပေါင် ၂၈၀ အလေးချိန်အထိ မ,နိုင်စွမ်းလည်းရှိသည်။

ဂျပန်နိုင်ငံ မစ်ဆူဘီရှိ အကြီးစားစက်မှုလုပ်ငန်း ကော်ပိုရေးရှင်းက တီထွင်ထုတ်လုပ်ခဲ့သော Tower Belcon အမည်ရှိ စက်ရုပ်မှာ ကမ္ဘာ့အကြီးဆုံး စက်ရုပ်ဖြစ်သည်။ ဆောက်လုပ်ရေးလုပ်ငန်းသုံး ယင်းစက်ရုပ်သည် အင်္ဂတေ သယ်ဆောင်ပေးနိုင်သည်။

စက်ရုပ်နည်းပညာအံ့မခန်းတိုးတက်လာသည်နှင့်အမျှ လူတုစက်ရုပ်များ၊ (Humanoid Robot) ပေါ်ထွန်းလာသည်။ လူတုစက်ရုပ်များသည် သက်ရှိလူသားနည်းတူ ပြုမူနိုင်ရန် စက်မှုယန္တရား နည်းစနစ်များနှင့် အညီပြုလုပ်ထားပြီး နေအိမ်များတွင် အိမ်ဖော်အဖြစ်လည်းကောင်း၊ဖျော်ဖြေရေးစက်ရုပ်အဖြစ် လည်းကောင်း ဝန်ဆောင်ပေးမည်ဖြစ်သည်။

***အင်တာနက်။***

# မယ်လမင်းနှင့် နို့၊ နို့ထွက်ပစ္စည်းစားသုံးမှု သတိပြု

**တင်ပြသူ - ဒေါက်တာချိုဝင်းမော် (စက်မှု-၁)**

သမိုင်းအစကပင် လူတို့သည် ကျန်းမာရေးအထောက်အကူပြုရေး၊ ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးရေးတို့အတွက် နွားနို့ကိုသောက်သုံးခဲ့ကြပါသည်။ နွားနို့သည် အာဟာရပြည့်ဝသော၊ အရသာရှိသောအစားအသောက်ဖြစ်၍ လူသားတို့ ဆက်လက်စွဲစွဲမြဲမြဲသောက်သုံးနေမည်သာ ဖြစ်ပါသည်။ နွားနို့မှ နို့မှုန့်၊ နို့စိမ်း၊ နို့ဆီ၊ ဒိန်ချဉ်၊ မလိုင်၊ ဒိန်ခဲစသောနို့ထွက်ပစ္စည်းအမျိုးမျိုးထုတ်လုပ်စားသုံးခြင်း၊ နို့တော်ဖီ၊ နို့ဝေဖာ၊ ရေခဲချောင်း၊ ရေခဲမုန့်၊ နို့ချောကလက်၊ ဘီစကွတ်၊ နို့ပေါင်မုန့်စသော အစားအသောက်အမျိုးမျိုးတွင် ထည့်သွင်းသုံးစွဲခြင်းများလည်း ပြုကြပါသည်။ ၎င်းအပြင် ရင်သွေးငယ်အတွက် မိခင်နို့သည် အကောင်းဆုံးဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် မိခင်နို့ မတိုက်ကျွေးနိုင်သည့်အခါ နွားနို့မှပြုလုပ်သော နို့မှုန့်ကိုဖျော်၍တိုက်ကျွေးကြသည်လည်း ရှိပါသည်။

နွားနို့တွင် ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးရေးအတွက် အဓိကအာဟာရဓာတ် ပရိုတိန်းကြွယ်ဝစွာပါရှိပါသည်။ နွားနို့၏ အရည်အသွေးကို ပရိုတိန်းပါဝင်မှုဖြင့် တိုင်းတာစစ်ဆေးကြပါသည်။ ပရိုတိန်းဓာတ်ကို တိုက်ရိုက်တိုင်းတာသည့် ကိရိယာများသည် ကုန်ကျစရိတ်ကြီးမား၍ နိုက်ထရိုဂျင်ဓာတ်ပါဝင်မှုကို တိုင်းတာပြီး တစ်ဆင့်ပြန်လည်တွက်ချက်ယူကြပါသည်။ ခေတ်မီတိုးတက်ပြီး ဓာတုဗေဒပစ္စည်းအမျိုးမျိုး ဈေးကွက်တွင်ပေါ်လာ၍ နွားနို့တွင် နိုက်ထရိုဂျင်ဓာတ်မြင့်တက်စေရန်အတွက် ဓာတုပစ္စည်းရောနှောထားမှုများလည်း တွေ့ရှိလာရပါသည်။

ယခုအချို့နိုင်ငံများတွင် တွေ့နေရသော ပြဿနာမှာ နိုက်ထရိုဂျင်ဓာတ် ၆၆ရာခိုင်နှုန်းရှိသော မယ်လမင်း (Melamine) ကိုရေဖျော်ပြီး နွားနို့ထဲရောထည့်ခြင်းဖြင့် ပရိုတိန်းဓာတ်မြင့်မားစွာ ပါဝင်နေသည်ဟုထင်မြင်ရအောင် ဖန်တီးကြခြင်းဖြစ်ပါသည်။ အလွန်အန္တရာယ်များသောကိစ္စဖြစ်ပါသည်။ မယ်လမင်းသည် ဓာတုဗေဒဖွဲ့စည်းပုံအရ $C_3H_6N_6$ ဖြစ်၍ ရေတွင် အနည်းငယ်ပျော်ဝင်ပါသည်။ ၁၈၃၄ ခုနှစ်က စတင်ထုတ်လုပ်ခဲ့ပြီး ဖော်မယ်ဒီဟိုက် (Formaldehyde)နှင့်ပေါင်းပြီး ပလတ်စတစ်အဖြစ် အဓိကအသုံးပြုပါသည်။ သို့သော်လည်း မယ်လမင်း ပလတ်စတစ် ပန်းကန်ခွက်ယောက်များမှ အစားအသောက်များအတွင်းသို့ မယ်လမင်းပျော်ဝင်နိုင်သည်ကို သိရှိနေကြ၍ အသုံးနည်းလာပါသည်။

မယ်လမင်းကို စားသောက်မိပါက ခန္ဓာကိုယ်အတွင်း ကျောက်ကပ်တွင်အနည်ကျပြီး ကျောက်တည်ခြင်း၊ ဆီးသွေးပါခြင်းမှ ကျောက်ကပ်ပျက်စီးခြင်း အထိဖြစ်စေပါသည်။ အသက်ဆုံးရှုံးသည်အထိ ဖြစ်နိုင်ပါသည်။ ယခုအခါ အချို့နို့မှုန့်များတွင် မယ်လမင်းရောနှောပါဝင်နေမှုကြောင့်အဆိပ်သင့်ပြီး ကလေးငယ် ၅၄၀၀၀ ခန့် ဆေးကုသမှုခံယူနေရပြီး လေးဦးသေဆုံးသည်ဟု ကြားသိရပါသည်။

မယ်လမင်းပါဝင်မှုကို High Performance Liquid Chromotography, Gas Liquid Chromotography, Mass Spectrophotometry စသော အဆင့်မြင့်နည်းလမ်းများနှင့် တိုင်းတာရပြီး မယ်လမင်းအတွက် သီးသန့်ကော်လံများ၊ ဓာတုဗေဒပစ္စည်းများလိုအပ်ပါသည်။ စမ်းသပ်မှုကုန်ကျစရိတ် ကြီးမားပါသည်။ ယခုအခါ မယ်လမင်းကို အမြန်တိုင်းနိုင်သော Test Kit များပေါ်နေပြီဖြစ်ပါသည်။ ထို့ကြောင့် နို့နှင့်နို့ထွက်ပစ္စည်းများ အန္တရာယ်ကင်းမှု ရှိ၊ မရှိကို သက်ဆိုင်ရာထုတ်လုပ်သူ တင်သွင်းသူများက မယ်လမင်းကင်းစင်ကြောင်း အထောက်အထားများ တင်ပြနိုင်မှသာလျှင် သုံးစွဲသင့်ပါသည်။

အရည်အသွေး အာမခံချက်မရှိသောနို့နှင့် နို့ထွက်ပစ္စည်းများ၊ နို့မှုန့်အများအပြား အသုံးပြုထားသော စားသောက်ကုန်ပစ္စည်းများကို သတိထားရှောင်ရှားသင့်ပါကြောင်း တိုက်တွန်းအပ်ပါသည်။ ကျန်းမာရေးဝန်ကြီးဌာနမှ သတိပေးနှိုးဆော်ထားသည့်အတိုင်း မိမိတို့၏ရင်သွေးငယ်များကို မိခင်နို့သာ တိုက်ကျွေးသင့်ကြောင်း တိုက်တွန်းအပ်ပါသည်။ ။

**နိုင်ငံတကာအင်တာနက် နောက်ဆုံးရ သတင်းဆောင်းပါး** **နိုင်ကြေးမုံ**

# ပြီးကုန်ယမ်းကုန်သောင်းကျန်းနေသည့် ဆိုမာလီယာ ပင်လယ်ဓားပြများနှင့် ယူကရိန်းသင်္ဘော "ဖိုင်နာ" တို့၏ နောက်ဆုံးအခြေအနေ

**လက်နက်များ အများအပြားတပ်ဆင်ထားသည့် အမေရိကန်ဖျက်သင်္ဘောတစ်စင်းက အနီးတစ်ဝိုက်တွင် ကင်းလှည့်နေပြီး လေယာဉ်ပျံများကလည်း ခေါင်းပေါ်တွင် ပျံဝဲနေကြကြောင်း ဆိုမာလီပင်လယ်ဓားပြတို့၏ ပြောရေးဆိုခွင့်ရှိသူဟုဆိုသူက အေပီသတင်းဌာနသို့ ပြောကြားလိုက်ပြီး ရုရှားတင့်ကားများ တင်ဆောင်လာသည့် ကုန်တင်သင်္ဘောကို ပြန်လည်လွှတ်ပေးရန်အတွက် မိမိတို့အဖွဲ့အား အမေရိကန်ဒေါ်လာသန်း ၂၀ ပေးရမည်ဖြစ်ကြောင်း တောင်းဆိုလိုက်သည်။**



ရုရှားလုပ် တီ-၇၂တင့်ကားများနှင့် လက်နက်ခဲယမ်းမီးကျောက်များ တင်ဆောင်ထားသည့် ယူကရိန်းသင်္ဘောအနီးသို့ ဆိုမာလီ ပင်လယ်ဓားပြများ၏ အမြန်ရေယာဉ်ငယ်များ ချဉ်းကပ်နေစဉ်။

*(ဓာတ်ပုံ-အေပီ)*

သင်္ဘောကိုပြန်လည်ရရှိရေးအတွက် နိုင်ငံတစ်ခုခုက စစ်ရေးအရ ကြိုးပမ်းလာမည်ဆိုလျှင် ပင်လယ်ဓားပြများအားလုံး အသေခံ၍ပြန်လည် တိုက်ခိုက်မည်ဖြစ်ကြောင်းလည်း သတိပေးပြောကြားသည်။ ထို့ပြင်မိမိကိုယ်မိမိပြန်ပေးဆွဲခံရသည့် သင်္ဘောမှကပ္ပတိန်ဟုဆိုသူကလည်း သင်္ဘောသားတစ်ဦး သေဆုံးသွားပြီဖြစ်ကြောင်း သတင်းပေးပို့ခဲ့သည်။

ကင်ညာနိုင်ငံသို့ ပို့ဆောင်မည့် ရုရှားလုပ် တီ-၇၂ တင့်ကား ၃၃ စီးအပါအဝင် ခဲယမ်းမီးကျောက်နှင့် အပိုပစ္စည်း အမြောက်အမြား တင်ဆောင်လာသည့် ယူကရိန်းနိုင်ငံပိုင် "ဖိုင်နာ" အမည်ရှိကုန်တင်သင်္ဘောကို စက်တင်ဘာ ၂၅ရက် မွန်းလွဲပိုင်းကတည်းကပင် ဆိုမာလီကမ်းလွန်၌ ပင်လယ်ဓားပြတို့ ပြန်ပေးဆွဲခဲ့ကြခြင်းဖြစ်သည်။

"ကျုပ်တို့လိုချင်တာ ပြန်ပေးရွေးငွေပဲ၊ တခြားဘာမှမလိုချင်ဘူး၊ သင်္ဘောနဲ့သင်္ဘောသားတွေ မထိမခိုက်ဘဲ ပြန်လွှတ်ဖို့အတွက် ဒေါ်လာသန်း ၂၀ လိုချင်တယ်၊ တကယ်လို့ ကျုပ်တို့ကို တိုက်ခိုက်လာခဲ့မယ်ဆိုရင်တော့ နောက်ဆုံး တစ်ယောက်ပဲကျန်သည်အထိ ပြန်လည်ခုခံတိုက်ခိုက်သွားမှာဖြစ်တယ်" ဟု ဆူဂူလေအာလီအမည်ရှိ ပြောရေးဆိုခွင့်ရှိသူ ပင်လယ်ဓားပြက "ဖိုင်နာ" သင်္ဘောကုန်းပတ်ခန်းရှိ ဂြိုဟ်တုဖုန်းမှ တစ်ဆင့် ပြောကြားသည်။

ပဲ့ထိန်းဒုံးပျံများတပ်ဆင်ထားသည့် အမေရိကန်ဖျက်သင်္ဘော ယူအက်စ်အက်စ်ဟောင်းဝဒ်ကလည်း ပြန်ပေးဆွဲခံထားရသည့်သင်္ဘောပေါ်မှ တင့်ကားများ၊ ခဲယမ်းမီးကျောက်များနှင့် လက်နက်ကြီးများကို ပင်လယ်ဓားပြများသယ်ချသွားခြင်းမပြုလုပ်နိုင်စေရန်စောင့်ကြပ်လျက်ရှိသည်။ အမေရိကန် အမှတ်(၅)ရေတပ်အုပ်စု၏ ပြောရေးဆိုခွင့်ရှိသူက မိမိတို့အနေဖြင့် ပြန်ပေးဆွဲခံ သင်္ဘောသား ၂၁ဦးတို့နှင့်တကွ ရေယာဉ်၏ကံကြမ္မာကိုပါ အလေးအနက် အာရုံစူးစိုက်ထားပါကြောင်း ပြောကြားသည်။

သင်္ဘောနှင့်သင်္ဘောသားများ လုံခြုံချောမွေ့စွာ အမြန်ဆုံးပြန်လည်လွတ်မြောက်ရေးအတွက် ယူကရိန်း၊ ဆိုမာလီယာ၊ရုရှား၊အမေရိကန်နှင့်ဗြိတိန်တို့ပါဝင်သော ငါးနိုင်ငံအဖွဲ့က အပြန်အလှန်သတင်းဖလှယ် ကြိုးပမ်းလျက်ရှိကြသည်။ ကင်ညာအစိုးရပြောရေးဆိုခွင့်ရှိသူ အဲလ်ဖရက်မူကူအာကမူ မိမိတို့အနေဖြင့် ပင်လယ်ဓားပြများ(သို့မဟုတ်) အကြမ်းဖက်သမားများနှင့် စေ့စပ်ညှိနှိုင်းမှု ပြုလုပ်မည်မဟုတ်ကြောင်း ပြောကြားလိုက်သည်။

ပြန်ပေးဆွဲခံသင်္ဘော ကပ္ပတိန်ဟုဆိုသူ ဗစ်တာနီကိုလ်စကီက အေပီသတင်းဌာနသို့ ရုရှားသင်္ဘောသားတစ်ဦး သွေးတိုးရောဂါဖြင့် တနင်္ဂနွေနေ့က သေဆုံးသွားကြောင်းပြောကြားသည်။ မိမိတို့ကောင်းမွန်စွာနေရကြောင်း၊ အမေရိကန်အလံလွှင့်ထူထားသည့် လေယာဉ်တင်သင်္ဘောကြီးတစ်စင်း အပါအဝင် သင်္ဘောသုံးစင်းကို တစ်မိုင်ခန့် အကွာအဝေးတွင် တွေ့မြင်နေရကြောင်းလည်း ၎င်းကပြောကြားသည်။

အမေရိကန် အမှတ်(၅)ရေတပ်အုပ်စု၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားရာတွင် ပြန်ပေးဆွဲခံ 'ဖိုင်နာ' သင်္ဘောသည် ဆိုမာလီယာကမ်းရိုးတန်း အလယ်ပိုင်းမြို့ဖြစ်သည့် ဟိုဘိုင်ယိုအနီး ကျောက်ချရပ်နားထားကြောင်း၊ ဖိုင်နာမှသင်္ဘောသားများနှင့် အဆက်အသွယ်ရရန်ကြိုးပမ်းနေကြောင်း၊ တင့်ကားများနှင့်လက်နက် များမသမာသူတို့လက်ဝယ်သို့ ရောက်ရှိသွားမည်ကို မိမိတို့မလိုလားကြောင်း ပြောကြားသည်။

အကယ်၍ ပင်လယ်ဓားပြများက တင့်ကားများနှင့် လက်နက်များကိုသင်္ဘောပေါ်မှစတင်ရွှေ့ပြောင်းသယ်ချပြီဟုဆိုပါကအမေရိကန်ဖျက်သင်္ဘောမှ ရေတပ်သားများအနေဖြင့် မည်ကဲ့သို့ အရေးယူဆောင်ရွက်မည်နည်းဟူသော မေးခွန်းနှင့်ပတ်သက်၍မူ အခြေအနေတွေက အရမ်းကိုရှုပ်ထွေးပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ဘာကိုမှ ထင်ကြေးမပေးချင်ပါဘူးဟူ၍ ငြင်းဆိုပြောကြားခဲ့သည်။



**အမေရိကန် အမှတ်(၅) ရေတပ်အုပ်စုမှ ယူအက်စ်အက်စ်ဟောင်းဝဒ် ဖျက်သင်္ဘောကို တွေ့ရစဉ်။**

နောက်ဆုံးအခြေအနေအားဖြင့်မူ ကျောက်ချရပ်နားထားသည့် ပြန်ပေးဆွဲခံသင်္ဘော'ဖိုင်နာ'၏ အနီးတွင် အခြားပြန်ပေးဆွဲခံသင်္ဘော နှစ်စင်းလည်းရှိနေပြီး အခြေအနေမှာလိပ်ခဲတည်းလည်းပင်ဖြစ်နေဆဲဖြစ်သည်။ သင်္ဘောနှင့် သင်္ဘောသားများ လွတ်မြောက်ရေး ကြိုးပမ်းမှုတွင် ကင်ညာရေတပ်ကလည်း တစ်တပ်တစ်အား ပူးပေါင်းပါဝင်ရန်အတွက် အခင်းဖြစ်ပွားရာဒေသသို့ ဦးတည်ခုတ်မောင်းလာလျက် ရှိနေသည်။

✳ ကျောဖုံးမှ

စိမံကိန်းရှင်းလင်းဆောင်၌ ကျိုင်းတုံ-မိုင်းခွန်-မိုင်းခုတ် လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးသောင်းဌေးနှင့် အေးရှားဝေါ(လ်)ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် (၃၅)မိုင်နှင့် (၃၆)မိုင်အကြား စက်ယန္တရားကြီးများဖြင့် လမ်းချဲ့ထွင်နေမှု၊ ကျိုင်းတုံမြို့နယ် အမောဒေကျေးရွာရှိ ကျေးရွာပိုင် လက်ဖက် ငါးဧကစိုက်ခင်း၊ မိုင်တိုင်အမှတ် (၁၉)မိုင် သုံးဖာလုံနှင့် လေးဖာလုံကြားရှိ အတက်အဆင်းရှိသည့် နေရာများတွင် ဘိလပ်မြေနှင့် ကျောက်များ ရောစပ်၍ စမ်းသပ်ခင်းကျင်းထားမှုနှင့် ကျိုင်းတုံမြို့နယ် မိုင်းခွန်ကျေးရွာအနီးရှိ ဖြစ်ထွန်းအောင်မြင်လျက်ရှိသည့် ဧက ၁၁၀ ခြံစည်းရိုးကြက်ဆူစိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

# ရောဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၈)ကျင်းပ




ရန်ကုန် စက်တင်ဘာ ၂၉

**ရောဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၈)ကို ယနေ့နံနက် ၈ နာရီတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ ရောဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက၊ ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်တို့က အမှာစကားပြောကြားကြသည်။**

**ရောဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက၊ ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ ရောဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၈)တွင် အမှာစကား ပြောကြားစဉ်။**

(သတင်းစဉ်)






ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေက ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲ၌ မြန်မာတစ်နိုင်ငံလုံး ပထမ၊ ရောဝတီတိုင်းအတွင်း ပထမဆုရရှိသူ ပုသိမ်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ မမေသူကျော်၊ မြန်မာတစ်နိုင်ငံလုံး ဒုတိယ ရောဝတီတိုင်းအတွင်း ဒုတိယဆုရရှိသူ ပုသိမ်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ မထက်ထက်ခိုင်၊ မြန်မာတစ်နိုင်ငံလုံး နဝမ ရောဝတီတိုင်းအတွင်း တတိယဆုရရှိသူ ပုသိမ်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မောင်အေးချမ်းကျော်ကျော်၊ ရောဝတီတိုင်းအတွင်း စတုတ္ထဆုရရှိသူ မအူပင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်သီဟလင်း၊ ရောဝတီတိုင်းအတွင်း ပဉ္စမဆုရရှိသူ ပုသိမ်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ကျော်လင်းအောင်၊ ရောဝတီတိုင်းအတွင်း ဆဋ္ဌမဆုရရှိသူ ကျိုက်လတ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မအေးအေးမွန်တို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

## ပေးအပ်ချီးမြှင့်

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ၂၀၀၈ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝိဇ္ဇာဘာသာတွဲ၌ မြန်မာတစ်နိုင်ငံလုံး အဋ္ဌမ၊ ရောဝတီတိုင်းအတွင်း ပထမဆုရရှိသူ ဇလွန်မြို့နယ် အထက(ခွဲ) မေရီလန်းမှ မောင်မိုးမင်းဦး၊ ရောဝတီတိုင်းအတွင်း ဒုတိယဆုရရှိသူ ကျိုက်လတ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ နော်ဖူဂျီဆန်၊ ရောဝတီတိုင်းအတွင်း တတိယဆုရရှိသူ ပုသိမ်မြို့နယ် ငွေဆောင်မြို့မှ မောင်မြတ်ကိုလင်း၊ ဓနုဖြူမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဝေလင်းမြတ်၊ မော်လမြိုင်ကျွန်းမြို့နယ် တွဲဖက်အထက်တန်းကျောင်း အောက်မအူထုံးမှ မောင်သက်ဇော်ထက်နှင့် ရောဝတီတိုင်းအတွင်း စတုတ္ထဆုရရှိသူ ရေကြည်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ မချိုလတ်တို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရောဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းထွန်းက ပုသိမ်တက္ကသိုလ်မှ ကျောင်းသား ၅၀၊ ပညာရေးကောလိပ်မှ ကျောင်းသား ၁၀ ဦး၊ လပွတ္တာမြို့နယ် နာဂစ်မုန်တိုင်းကြောင့် ကျောင်းဆက်လက်တက်နိုင်ရန် အခက်အခဲရှိသော ကျောင်းသား၊ ကျောင်းသူ ရှစ်ဦးတို့အတွက် ပညာသင်စရိတ် ထောက်ပံ့ငွေများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တာဝန်ရှိသူတို့က ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရောဝတီတိုင်းအတွင်း အောင်ချက်အကောင်းဆုံး ကျောင်းဖြစ်သော ပုသိမ်မြို့ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းနှင့် ရောဝတီတိုင်းအတွင်း ထူးချွန်ကျောင်းသား၊ ကျောင်းသူ အများဆုံးမွေးထုတ်ပေးသော ပုသိမ်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းတို့ကိုလည်းကောင်း၊ ပုသိမ်ခရိုင်၊ ဟင်္သာတခရိုင်၊ မြောင်းမြခရိုင်၊ မအူပင်ခရိုင်၊ ဖျာပုံခရိုင်တို့မှ တက္ကသိုလ်တက်ရောက်နေသော အသင်းဝင် ၈၉ ဦးတို့အတွက် ပညာသင်ထောက်ပံ့ကြေးများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြပြီး နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာနယူးစ်ဝိခ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

**ရန်ကုန် စက်တင်ဘာ ၂၉**

ယခုအပတ်ထုတ် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ (၂)၊ အမှတ် (၄၅)တွင် မဟာဗန္ဓုလလမ်းနှင့် ၃၆လမ်းထောင့်အနီး ဂိုဒေါင်တစ်လုံးပြိုကျ၊ ဒေးဗစ်ဘက်ခမ်း ဗုဒ္ဓဘာသာဖြစ်အောင် ဆောင်ရွက်ပေးခဲ့သည့် ဘက်ခမ်း၏ မိတ်ဆွေကြီး မြန်မာနိုင်ငံသို့လာရောက်ဟောပြောခဲ့၊ ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံ၌ ပေါက်ကွဲမှုဖြစ်ပွား၊ စူပါမားကက်နှင့် ကုန်တိုက်ကြီးများ ဆောက်လုပ်ပါက လမ်းအကျယ် ၁၂ ပေ အနည်းဆုံးရှိရမည်၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် ချစ်ကြည်ရေးလမ်းအတွက် တရုတ်က ဒေါ်လာ ၁၂၅သန်းကူညီ၊ နို့မှုန့်ထဲက ကြောက်စရာမယ်လမင်းအကြောင်း၊ စျေးချိုအသစ်ကို အထပ် ၂၅ ထပ်အထိ တည်ဆောက်မည်၊ ထက်ထက်မိုးဦးနှင့် အနဂ္ဂတို့ အမှန်တကယ် ကွာရှင်းလိုက်ကြပြီ၊ ထိုးဆေးအတုတစ်မျိုး ဈေးကွက်အတွင်း စစ်ဆေးတွေ့ရှိ၊ တောင်ကိုရီးယား၊ မြန်မာနှင့် အင်ဒိုနီးရှားသင်္ဘောသား ၁၇ ဦး ပျောက်ဆုံးနေ၊ အပြစ်အနာအဆာ ကင်းစင်သည့် ၄၇၈ ကာရက်ရှိ စိန်ကြီး အာဖရိကတွင်တွေ့ရှိ၊ ဖားရွှေကျော်ရွာ ကုန်တင်သင်္ဘော ရေးမြို့အနီး မုတ္တမပင်လယ်အတွင်းနစ်မြုပ်၊ အမျိုးသမီး နှစ်ယောက် လက်ချက်နှင့် အသက်ထွက်ခဲ့တဲ့ မြင်းခြံ ဆင်ရွတ်ရွာမှ လူသတ်မှု၊ ဒေါက်တာမြင့်ဦး၏ Stroke (ခေါ်) လေဖြတ်ရခြင်း အကြောင်းအရင်း၊ သမီးရတနာဖွားမြင်သည့် လူမင်းတို့ဇနီးမောင်နှံ၊ ကျော်ဟိန်း၏နောက်ဆုံးနှုတ်ဆက်ခြင်းခရီးစဉ်၊ အီရန်ကိုလက်ဦးမှုရယူ တိုက်ခိုက်မည်ဟု မက်ကိန်း ပြောကြား၊ ဂျာမန် ကွန်မန်ဒိုတို့လေယာဉ်အား စီးနင်းတိုက်ခိုက်၍ လူနှစ်ဦးအား ဖမ်းဆီး၊ ဂျက်အင်ဂျင်တပ် လူသား ၃၅ ကီလိုမီတာရှိတဲ့ ဒိုဗာ အင်္ဂလိပ်ရေလက်ကြားကိုဖြတ်၍ ပျံသန်း၊ ဘုရှ်၏ သေနတ်ပြောင်းဝများ ပါကစ္စတန်ဘက်သို့ လှည့်ပြီလား၊ အမေရိကန် ရဟတ်ယာဉ်များ ပါကစ္စတန်စစ်တပ်များက ပစ်ခတ်၊ အီရန်၏ နျူကလီးယား အဆောက်အအုံများကို တိုက်ခိုက်လျှင် အီရတ်တစ်နိုင်ငံလုံးကို မီးရှို့သည်နှင့် တူမည် စသည့် နောက်ဆုံးရ ပြည်တွင်း၊ ပြည်ပ သတင်းများနှင့်အတူ ယနေ့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ် ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့ နံနက်တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

# ၂၀၀၈ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ရေကူးပြိုင်ပွဲ ဖွင့်ပွဲ၊ ပိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၉**

၂၀၀၈ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ရေကူးပြိုင်ပွဲ ဖွင့်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ ညနေပိုင်းတွင် ရောဝတီရေတပ်စခန်းဌာနချုပ် တပ်မတော်(ရေ) ရေကူးကန်၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ရောဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန် တက်ရောက်၍ အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ပြိုင်ပွဲတွင် အသင်း ၁၃ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ၂၀၀၈ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ရေကူးပြိုင်ပွဲတွင် အနိုင်ရ ဗိုလ်စွဲသွားသည့် အသင်းအား ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရောဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်က တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မော်လမြိုင်မြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၉**

မွန်ပြည်နယ် မော်လမြိုင်မြို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ယာဉ်ထိန်းတပ်ဖွဲ့က ကြီးမှူးကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၂၁ ရက်တွင် မော်လမြိုင်တက္ကသိုလ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ယာဉ်ထိန်းတပ်ဖွဲ့ တာဝန်ခံ ဒုတိယရဲမှူး မြင့်အေးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပိုင်းဆိုင်ရာကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်သစ်သစ်ဝင်းက မတော်တဆ ယာဉ်တိုက်မှုဖြစ်ပွားမှုနှင့် အရေးယူမှုပိုင်းဆိုင်ရာတို့ကိုလည်းကောင်း၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာတင်ဌေးက ကျောင်းသား၊ ကျောင်းသူများ ယာဉ်မောင်းနှင်ရာတွင် လိုက်နာရမည့် ဥပဒေပိုင်းဆိုင်ရာ စည်းကမ်းချက်များကိုလည်းကောင်း ဟောပြောကြသည်။

အလားတူ ဟောပြောပွဲကို စက်တင်ဘာ ၂၇ ရက်တွင် မော်လမြိုင်မြို့နယ် အမှတ် (၁၀) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ယာဉ်ထိန်းတပ်ဖွဲ့တာဝန်ခံ ဒုတိယရဲမှူး မြင့်အေးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပိုင်းဆိုင်ရာများကို ဟောပြောကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**အားကစားမြှင့်တင် စိတ်လန်းရွှင်**
**ဆန့်ကျင် မူးယစ်ဆေး**

# ကျော်မင်းလူ(ရွှေပြည်သာ)

ယနေ့အချိန်ဟာ သူမှန်တယ်၊ ငါမှားတယ် ငြင်းခုံနေကြရမယ့် အချိန် မဟုတ်တော့ပါဘူး။ ငါ့ပါတီ အာဏာရရေးဆိုတဲ့ အာဏာ မျက်နှာ တစ်ခုတည်း ကြည့်ကြရမယ့်အချိန်လည်း မဟုတ်တော့ပါဘူး။ ဘယ်လိုမှ အဓိပ္ပာယ်မရှိတော့တဲ့ ၉၀ ရွေးကောက်ပွဲရလဒ်ဆိုတာ ကြီးကိုဖက်တွယ်ပြီး ဆိမန်းမန်းနေရမယ့်အချိန်လည်း မဟုတ်တော့ ပါဘူး။ နောက်ဆုံးပြောရရင် ပြည်သူက ဒီမိုကရေစီနည်းလမ်းတကျ အတည်ပြုပေးထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံနိုင်ပါဘူး၊ အသိအမှတ်မပြုနိုင်ပါဘူးလို့ ပြည်သူ့ဆန္ဒကို ပြောင်ကျကျ ငြင်းဆန် နေရမယ့်အချိန်လည်း မဟုတ်တော့ပါဘူး။ အခြေအနေနဲ့ အချိန်အခါ ကို နားလည်တတ်ဖို့လိုပါလိမ့်မယ်။

ပြောရရင် ယနေ့အစိုးရက ဒီမိုကရေစီလိုလားသလို ပြည်သူ ကလည်း ဒီမိုကရေစီကိုလိုလားပါတယ်။ အလားတူ ဆန့်ကျင်ဘက် အုပ်စုတွေကလည်း ဒီမိုကရေစီကိုပဲ လိုလားတယ်လို့ တဖွဖွပြောခဲ့ကြ တာ မဟုတ်လား။ ဒီတော့လိုလားတာချင်း တစ်နည်းအားဖြင့် ပန်းတိုင် ချင်းက ထပ်တူဖြစ်နေပါပြီ။ ပန်းတိုင်တူပြီဆိုရင် အဲဒီပန်းတိုင်ကို မရောက်ရောက်အောင် ချီတက်နေတဲ့ လမ်းကြောင်းမှန်ပေါ်မှာ ဘာကြောင့် မပေါင်းစည်းနိုင်ကြတာလဲ။ ဘာကြောင့် အတူလက်တွဲ ချီတက်ဖို့ ငြင်းဆန်နေကြရတာလဲ။ **"သမဂ္ဂါနံ တပေါ သုခေါ"** စည်းလုံးညီညွတ်ခြင်းသည် ချမ်းသာအောင်မြင်ကြောင်း ဖြစ်ပါတယ်။ ဒီအချက်ကိုဆန့်ကျင်ဘက်အုပ်စုတွေအနေနဲ့ အလေးမူစေချင်ပါတယ်။

**ဒီနေ့အချိန်ဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ အခွင့်အလမ်းကောင်းတွေ ပြည့်လျှမ်းဝေဆာနေတဲ့ အခြေအနေမျိုးဖြစ်ပါတယ်။ ကျွန်တော်ပြောခဲ့ သလို နှစ်ပေါင်း ၄၀ လုံးလုံး တာဝန်ပျက်ကွက်ခဲ့ကြလို့ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေရတဲ့ ဘဝအခြေအနေကနေ သူများတကာနဲ့ ရင်ပေါင် တန်းနိုင်အောင် ကြိုးစားကြဖို့ အခွင့်အလမ်းတွေ ပွင့်လန်းလာတဲ့ ယနေ့ကာလမှာ နှစ်ဆတိုးပြီး ကြိုးပမ်းကြဖို့ လိုအပ်ပါတယ်။ ဒီလို အခွင့်ကောင်းမျိုးကို လက်လွတ်ခံပြီး ငါမှငါ၊ ငါ့ပါတီမှ ငါ့ပါတီ လုပ်နေကြမယ်ဆိုရင်တော့ ပြည်သူရဲ့ အနာဂတ်အိပ်မက်တွေကို နင်းခြေဖျက်ဆီးရာ ရောက်ပါလိမ့်မယ်။ ဒါဆိုရင် ဘယ်ပြည်သူကမှ လက်ခံနိုင်မှာမဟုတ်တာ သေချာပါတယ်။ ဘာပဲဖြစ်ဖြစ် ပြည်သူ့ဆန္ဒကို မျက်ကွယ်မပြုကြဖို့၊ အလေးထားကြဖို့ လိုပါတယ်။**

ဒီနေ့အချိန်မှာ သူများနိုင်ငံအတော်များများ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရှေ့ကို အရှိန်အဟုန်နဲ့ သွားနေကြတာ အားလုံးအသိပါပဲ။ အမှန် တကယ်လည်း ဖွံ့ဖြိုးတိုးတက်ကုန်ကြပါပြီ။ အာရှကျားတွေ အများကြီး ဖြစ်လာနေပါပြီ။ ဒီလိုအချိန်မျိုးမှာ ကျွန်တော်တို့ကလည်း အနာဂတ် အတွက် ညီညာဖြိုဖြို အားသွန်ကြိုးပမ်းနေကြရမယ့် အချိန်ရောက် နေပါပြီ။ လက်ရှိရောက်နေတဲ့ လမ်းကြောင်းမှန်ပေါ်မှာ မငြင်းမခုံ မဆန့်ကျင်ကြဘဲ အတူလက်တွဲ ကြိုးပမ်းသွားကြမှသာ တစ်ချိန်ချိန်မှာ သူတို့ကို မီပါလိမ့်မယ်။ အဲဒီလိုမဟုတ်ဘဲ ငြင်းခုံနေတာ၊ ဆန့်ကျင် နေတာ၊ သွေးထိုးလှုံ့ဆော်နေတာနဲ့ တန်ဖိုးရှိတဲ့အချိန်တွေ ဖြုန်းတီး နေကြမယ်ဆိုရင်တော့ နိုင်ငံရဲ့အနာဂတ် ပျောက်သွားမှာ အမှန်ပဲ စိုးရိမ်မိပါတယ်။

တည်ငြိမ်အေးချမ်းမှု မပျက်ယွင်းဘဲ ဖွံ့ဖြိုးတိုးတက်မှုတွေ အခိုင်အမာတည်ဆောက်ရင်း အားလုံးလိုလားဆန္ဒရှိကြတဲ့ ဒီမိုကရေစီ ပန်းတိုင်ကို အရောက်လှမ်းနိုင်မယ့် လမ်းကြောင်းမှန်ပေါ်မှာ ဒီနေ့ ရောက်နေပြီဆိုတာ မမေ့စေလိုပါ။ ၂၀၁၀ ရွေးကောက်ပွဲမှာ ပြည်သူ့ အဆုံးအဖြတ်ကိုခံယူပြီး ပြည်သူနဲ့တစ်သားတည်း ဖြစ်စေမယ့် လမ်းကြောင်းသည်သာ အသင့်မြတ်ဆုံး ဖြစ်ပါလိမ့်မယ်။ ပြည်သူ ဘာပြောပြော ဒို့လုပ်ချင်တာ လုပ်မယ်ဆိုရင်တော့ အမှားသံသရာ လည်နေဦးမှာပါပဲ။ ကိုယ်အာဏာရဖို့အတွက် ဒီနေ့ တည်ငြိမ်အေးချမ်း နေတဲ့အခြေအနေကို ပျက်ယွင်းအောင် အကောက်ကြံ ခလောက်ဆန် ဦးမယ်၊ ငြင်းခုံရန်ဖြစ်နေဦးမယ်ဆိုရင်တော့ အဲဒီလမ်းကြောင်းဟာ ဟိုယခင်တုန်းကလို ဆူပူအုံကြွမှုတွေ၊ မတည်ငြိမ်မအေးချမ်းမှုတွေ ကြားမှာ ကျီးလန့်စာစားနေရတဲ့ ဘဝမျိုးကိုပြန်ပြီး ခြေလှမ်းနေတာပဲ ဖြစ်ပါလိမ့်မယ်။ ပြည်သူကို ဆင်းရဲနိမ့်ကျတဲ့ဘဝမျိုး ပြန်ရောက် အောင် ဆွဲချနေတဲ့လုပ်ရပ်မျိုးပဲ ဖြစ်ပါလိမ့်မယ်။ ဒါဆိုရင်တော့ ဘယ်သူ မပြု မိမိမှုဆိုတဲ့စကားကိုပဲ ပြန်ပြီးညွှန်းဆိုရတော့မှာပါပဲ။ ပြည်သူက အရင်လိုဘဝမျိုးကို လေသံတောင် မကြားချင်တော့ဘူး ဆိုတာတော့ မမေ့စေလိုပါဘူး။

**ပြည်သူ့ဆန္ဒကိုသာ လေးစားလိုက်နာတတ်မယ်ဆိုရင် ရှေ့ဆက် ရမယ့်ခရီးမှာ ပန်းမွေ့ရာနဲ့ ရွှေကော်ဇောက အသင့်ခင်းထားပြီးသားလို့ ဆိုရမှာပါ။ ပါတီတွေဖွဲ့ကြမယ်၊ ရှိပြီးသား ပါတီတွေကလည်း ခိုင်မာ အောင် ပြင်ဆင်ကြမယ်၊ ကိုယ့်ပါတီရဲ့ရပ်တည်ချက်တွေ၊ မူဝါဒသဘော ထားတွေကိုချပြပြီး မဲဆွယ်စည်းရုံးကြမယ်၊ ၂၀၁၀ ပြည့်နှစ်မှာ ကျင်းပ မယ့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးမှာ တရားသဖြင့် ပါဝင်ယှဉ်ပြိုင်ကြမယ်။ ပြည်သူ့ဆန္ဒမဲနဲ့ အရွေးချယ်ခံရပြီဆိုရင် လွှတ်တော် ကိုယ်စားလှယ်တွေ ဖြစ်လာမယ်။ ရရှိတဲ့ ဆန္ဒမဲပမာဏပေါ် မူတည်ပြီး ကိုယ့်ပါတီ၊ ကိုယ့်အဖွဲ့အစည်းရဲ့ ရပ်တည်မှု ခိုင်မြဲရှင်သန်လာမယ်။ ဒါဆိုရင် မကောင်းပေဘူးလားလို့ ကျွန်တော်တွေးမိတာပါပဲ။**

ချုပ်ပြီးပြောရရင် ပြည်သူ့ဆန္ဒအစစ်အမှန်တွေကို ကျွန်တော် ပြောခဲ့ပြီးပါပြီ။ ဒ့ါအပြင် အပြောနဲ့အလုပ် ညီချင်တယ်ဆိုရင် ဒီမိုကရေစီ နည်းလမ်းတကျ ကျင့်သုံးဆောင်ရွက်ခဲ့တဲ့ပြည်သူ့ဆန္ဒ၊ ပြည်သူ့အဆုံး အဖြတ်ကို လေးစားတန်ဖိုးထား လိုက်နာတတ်ဖို့လည်း ပြောခဲ့ပါတယ်။ အလားတူ ယနေ့ တွေးခေါ်သုံးသပ်စဉ်းစားရာမှာ ပြည်သူ့ဆန္ဒနဲ့အညီ စဉ်းစားတွေးခေါ် သုံးသပ်နိုင်ဖို့လည်း အကြံပြုခဲ့ပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ နိုင်ငံရေးလုပ်ကြရာမှာ နိုင်ငံနဲ့ ပြည်သူရဲ့အကျိုးကို နံပါတ်(၁) ဦးစားပေးနေရာထားပြီးမှ ကိုယ့်ပါတီ ကိုယ့်အုပ်စုကိစ္စကို နံပါတ်(၂) နေရာထား စဉ်းစားသုံးသပ်ဆောင်ရွက်မယ်ဆိုရင် အားလုံး အဆင်ပြေသွားမှာပါ။ ကျွန်တော်ကတော့ ပြည်သူအားလုံးရဲ့ မျှော်လင့်ချက် မပျက်စေချင်သလို ပြည်သူအားလုံးရဲ့ဆန္ဒတွေလည်း ပြည့်စေချင် တာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ပြည်သူအားလုံးထဲမှာ ကျွန်တော်လည်း ပါတယ်။ ခင်ဗျားလည်း ပါတယ်။ ဆန့်ကျင်ဘက်ဆိုတဲ့ အုပ်စုတွေလည်း ပါပါတယ်။ အများအရေးကို ဦးစားပေးရင် ကိုယ့်အရေးဆိုတာလည်း ကျွဲကူးရေပါ ပြည့်ဝအောင်မြင်ပြီး ဖြစ်မှာပါလို့ ဆိုချင်ပါတယ်။

ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ နိုင်ငံရဲ့အနာဂတ်ပျောက်သွား မှာကို စိုးရိမ်မိတာ အမှန်ပါပဲ။ ။

**ယနေ့ ပြည်သူက တည်ဆဲ အစိုးရအပေါ် နိုင်ငံတည်ငြိမ် အေးချမ်းမှုကို ဆောင်ကြဉ်းပေး နိုင်တဲ့ အစိုးရ၊ နိုင်ငံနှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်အောင် တတ်နိုင် သမျှ စွမ်းဆောင်ပေးနေတဲ့ အစိုးရ၊ ပြည်သူလိုလားတဲ့ ဒီမိုကရေစီ စနစ်ကို အကောင်းဆုံးဖြစ်အောင် ဖော်ဆောင်ပေးနေတဲ့ အစိုးရ အဖြစ် တကယ်ကို ယုံကြည် ထောက်ခံကြပါတယ်။ အစိုးရရဲ့ ဦးဆောင်မှုအောက်မှာ တညီ တညွတ်တည်း ကြိုးပမ်းချီတက် နေကြပါတယ်။**

## ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် (၁၀)ကြိမ်မြောက် အာရှအနုပညာပွဲတော်သို့တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၂၉**

ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကျင့်ကျိုးမြို့၌ ကျင်းပသော (၁၀)ကြိမ်မြောက် အာရှအနုပညာပွဲတော်သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော် ကောင်စီဝင် မဒမ်လျူယန်တုန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး မစ္စတာချိုင်ဝေနှင့် အာရှနိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များနှင့်အတူ တက်ရောက်ခဲ့ပြီး တက်ရောက်လာကြသော အာရှနိုင်ငံများမှ ကိုယ်စားလှယ်များကိုယ်စား မိန့်ခွန်းပြောကြားသည်။



အဆိုပါ (၁၀)ကြိမ်မြောက် အာရှအနုပညာပွဲတော်သို့ အာရှနိုင်ငံပေါင်း (၁၈)နိုင်ငံမှ ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှု အဖွဲ့ပေါင်း ၃၀ ကျော် တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန် ပြည်နယ် ကျင့်ကျိုးမြို့၌ ကျင်းပ သော (၁၀)ကြိမ်မြောက် အာရှ အနုပညာပွဲတော်တွင် မိန့်ခွန်း ပြောကြားစဉ်။** (သတင်းစဉ်)

## ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

**ရန်ကုန် စက်တင်ဘာ ၂၉**

ပြည်မြန်မာ သတင်းဂျာနယ် အမှတ်(၆၃၅)ကို ရန်ကုန်မြို့ အနော်ရထာလမ်း(၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ Sewsone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာ သတင်းဂျာနယ်၌ ရွှေတိဂုံစေတီပုံတူ ကမ္ဘာ့အကြီးဆုံး လိုဏ်ဂူစေတီတွင် ဘရာဇီးမှ လှူဒါန်းသော ပေါင် ၁၁၀ အလေးချိန်ရှိ စိန်ဖူးတော်ကို တင်လှူပူဇော်မည်၊ ခွဲစိတ်ကုသ မွေးဖွားရာ၌ ဇာတာဖွဲ့ အချိန်ရွေး ခြင်းကို တွင်ကျယ်စွာ အသုံးပြုလာ၊ ရွှေတိဂုံစေတီတော် ရင်ပြင်တွင်ထား ရှိမည့် မြန်မာ့အကြီးဆုံး စည်တော် ကြီးပြီးစီးတော့မည်၊ ကမ္ဘာ့အကြီးဆုံး ငမိုးရိပ်မိကျောင်းများ မျိုးမသုဉ်းစေ ရေး ဆောင်ရွက်နေ၊ မြန်မာ့သစ်ခွ မျိုးစိတ်များ ပြည်ပဈေးကွက်၌ တွင်ကျယ်နေ၊ ဖားရွှေကျော်ရွာ ကုန် တင်သင်္ဘောနစ်မြုပ်မှုတွင် ဆုံးရှုံး သွားသော ကုန်ပစ္စည်းများအတွက် မြန်မာ့အာမခံကငွေကျပ်သန်း ၆၀၀ ခန့် လျော်ကြေးပေးမည်၊ မုန်တိုင်း ကြောင့် ပင်လယ်ထဲ၌ တကွဲတပြားစီ မျောပါသွားပြီး ပျဉ်တစ်ချပ်တည်း၌ ပြန်လည်ဆုံစည်းခဲ့ကြသည့် ဇနီး မောင်နှံ၏ဖြစ်ရပ်ဆန်း၊ အကယ်ဒမီ လူမင်း သမီးလေးရဲ့ ဖေဖေဖြစ်သွား ပြီ၊ တစ်ကိုယ်တည်းပြန်ဖြစ်သွားသည့် ထက်ထက်မိုးဦးနှင့် လတ်တလော တွေ့ဆုံခြင်း၊ ထူးခြားဆန်းသစ်သော တင်ဆက်မှုများဖြင့် ညိုမင်းလွင်၏ အနုပညာသက်တမ်း (၁၀)နှစ်ပြည့် ကျင်းပ၊ ကမ္ဘာ့ကုန်သွယ်ရေးစင်တာ တည်ဆောက်ရာနေရာ၌ တစ်ချိန်က ရေခဲမြစ်ရှိခဲ့၊ တရုတ်နို့မှုန့် အဆိပ် အတောက်ဖြစ်သည့် ကိစ္စအမျှင် မပြတ်သေး၊ ဆိုမာလီ ပင်လယ်ဓားပြ များက တင့်ကား ၃၃ စီးတင်ဆောင် ထားသည့် ယူကရိန်းသင်္ဘောကို တိုက် ခိုက်သိမ်းယူ၊ ရုပ်မြင်သံကြားစက် ထဲက တကယ့်လူသား . . . စသည့် စိတ်ဝင်စားဖွယ် သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံကို မေတ္တာ လက်ဆောင် အချပ်ပိုများနှင့်အတူ ထည့်သွင်း ဖော်ပြထားကြောင်းနှင့် အပတ်စဉ်အင်္ဂါနေ့တိုင်း ဖြန့်ချိလျက် ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ရွှေဂုံတိုင်ကလေးပြုစုရေးဌာနသို့ ခုတင်၊ တွန်းလှည်းများနှင့် လမ်းလျှောက်လှည်းလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၏ ရွှေဂုံတိုင်ကလေးပြုစုရေးဌာနသို့ နှစ်ဖက်မိဘ များအား အမှူးထား၍ ရန်ကုန်မြို့နေ ဒေါက်တာဟိန်းလတ်ဝင်းနှင့် ဒေါက်တာထားကြည်ဆန်းမိသားစုက ကလေးပြုစုရာတွင် အသုံးပြုရန်အတွက် ငွေကျပ်သုံးသိန်းတန်ဖိုးရှိ ခုတင်၊တွန်းလှည်းများနှင့် လမ်းလျှောက်လှည်း တို့ကို အုပ်ချုပ်ရေးမှူး ဒေါ်ခင်မာအေးထံသို့ စက်တင်ဘာ ၂၇ ရက်တွင် သွားရောက်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၉-၂၀၀၈ (အင်္ဂါနေ့)

AM & PM

| | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | "ဘဝတိုးတက်ရေးနှင့်ဘဝလွတ်မြောက်ရေး"တရားတော် (ကညင်ကုန်းဆရာတော်အရှင်ဉာဏောဘာသ) |
| ၈း၀၀ - ၂း၀၀ | အဘိဓမ္မာပြန့်ပွားရေးအသင်း၏(၄၁)ကြိမ်မြောက် အဘိဓမ္မာ(၇)ကျမ်း (အာဂမ+သဘာဝ)စာတော်ပြန်ပွဲကြီး |
| ၈း၁၀ - ၂း၁၀ | Sunday Talk |
| ၉း၀၀-၃း၀၀ | အဆုံးအဖြတ် (ခန့်စည်သူ၊ အေးမြတ်သူ၊ ငှက်ပျောကြော်၊ မိုးမိုးခိုင်) (ဒါရိုက်တာ-ဖုန်းမြင့်အောင်) |
| ၉း၁၅ - ၃း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၅ - ၃း၂၅ | တေးဂီတအစီအစဉ် |
| ၉း၃၀ - ၃း၃၀ | စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (လိမ္မော်ဂျယ်လီမစ်ရှိတ်ကျောက်ကျော၊ နို့သစ်ခွကျောက်ကျော) |
| ၉း၄၅ - ၃း၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၅၀ - ၃း၅၀ | တေးဂီတအစီအစဉ် |
| ၉း၅၅ - ၃း၅၅ | BOX OFFICE MOVIES (CASINO ROYAL) |
| ၁၀း၁၅ - ၄း၁၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၂၀ - ၄း၂၀ | တေးဂီတအစီအစဉ် |
| ၁၀း၂၅ - ၄း၂၅ | အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (ရွှေလိပ်ပြာလေးပိုင်ပိုင်နှစ်ပါးခွင်ဗွီစီဒီ) |
| ၁၀း၅၅ - ၄း၅၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၀၅ - ၅း၀၅ | စလင်းရေလှောင်တမံ |
| ၁၁း၁၅ - ၅း၁၅ | တေးဂီတအစီအစဉ် |
| ၁၁း၂၀ - ၅း၂၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၂၅ - ၅း၂၅ | အဖိုးတန်ဆေးဖက်ဝင် မြန်မာ့တိုင်းရင်းဆေးဥယျာဉ် |
| ၁၁း၄၀ - ၅း၄၀ | တေးဂီတအစီအစဉ် |
| ၁၁း၄၅ - ၅း၄၅ | အိုင်တီနည်းပညာများနှင့် အရောင်းပြပွဲ ၂၀၀၈ ကြိုတင်ပြင်ဆင်မှုများ |
| ၁၂း၀၀ - ၆း၀၀ | သဘာဝလက်ဆောင် 'စိမ်းပြာရေညှိထုတ်ကုန်များ' |
| ၁၂း၃၅ - ၆း၃၅ | Music Gallery(ဂျေညီညီရဲ့အကောင်းဆုံးတေးများ) |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

**MRTV-4** အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

### Champion League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁၀း၅၅ | Zenit-Real Madrid | Star Sports(Live) |
| ၁း၀၀ | Arsenal-FC Porto | ESPN(Live) |
| | Aalborg-Man Utd | Star Sports(Live) |
| ၄း၀၀ | Villarreal-Celtic | ESPN(SDD) |

# ဝန်ကြီးဗိုလ်ချုပ်လှထွန်း မန္တလေးမြို့ရှိ ဘဏ်များနှင့် ဦးစီးဌာနများမှ တာဝန်ရှိသူများအား တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၉**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် စက်တင်ဘာ ၂၇ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ တိုင်းပြည်တွင်းအခွန်များ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဘဏ်များနှင့် ဦးစီးဌာနများမှ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများကို မှာကြားသည်။**(အောက်ပုံ)** ထို့နောက် ဝန်ကြီးသည် မန္တလေးမြို့ မြန်မာ့စီးပွားရေးဘဏ်သို့ သွားရောက်၍ ဘဏ်လုပ်ငန်း ဒီပလိုမာသင်တန်း ဖွင့်လှစ်ရန် ပြင်ဆင်နေမှုများကို စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





# မူဆယ်မြို့၌ စာပေဟောပြောပွဲနှင့် စာပေဆုပေးပွဲကျင်းပ

**မူဆယ် စက်တင်ဘာ ၂၉**

၁၃၇၀ ပြည့်နှစ် စာဆိုတော်နေ့ အကြို စာပေဟောပြောပွဲနှင့် စာပေဆုပေးပွဲကို စက်တင်ဘာ ၁၄ ရက် ညပိုင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ မူဆယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်ဟန်က စာပေဟောပြောပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မူဆယ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းမင်းဇော်နှင့် တာဝန်ရှိသူများက စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရန်ကုန်မြို့မှ စာရေးဆရာများဖြစ်ကြသော အမျိုးသားစာပေဆုရှင် လယ်တွင်းသားစောချစ်က 'ဘဝမှစာ၊ စာမှဘဝ' ခေါင်းစဉ်ဖြင့်လည်းကောင်း **(ဝဲပုံ)**၊ စာရေးဆရာရုပ်ရှင်သရုပ်ဆောင်အကယ်ဒမီ သုမောင်က'စာပေနှင့်ဂီတ၊ အနုပညာ' ခေါင်းစဉ်ဖြင့်လည်းကောင်း စာပေရေးရာများကို ဟောပြောကြသည်။

ယင်းနောက် ခရိုင်ဥက္ကဋ္ဌ ဦးထွန်းမင်းဇော်က စာပေဟောပြောကြသည့် စာရေးဆရာများအား လည်းကောင်း၊ စာပေဟောပြောပွဲ ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော် (ရွှေလီဦး)က စာပေဟောပြောပွဲ ဖြစ်မြောက်ရေးအတွက် အလှူငွေများ လှူဒါန်းခဲ့ကြသူများကိုယ်စား ဦးကျော်ကျော် (ကဗျာဆရာ ကျော်မျိုးနွယ်) အားလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။ (ကြေးမုံ)





## ရှမ်းပြည်နယ် (မြောက်ပိုင်း) လူမှုဝန်ထမ်း လုပ်ငန်းများ စစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၂၉**

လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်သည် စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက မန္တလေးတိုင်း လူမှုဝန်ထမ်းရုံး အစည်းအဝေးခန်းမ၌ မန္တလေးတိုင်း အတွင်းရှိ ဌာနတာဝန်ခံကျောင်းအုပ်၊ ဝန်ထမ်းများအား တွေ့ဆုံသည်။

ညွှန်ကြားရေးမှူးချုပ်သည်မန္တလေးမြို့ပေါ်ရှိ ကလေးပြုစုရေးဌာန၊ အမျိုးသမီးကလေးများ သင်တန်းကျောင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာန၊အမှတ်(၁)မူလတန်းကြိုကျောင်း၊ အမှတ်(၂) မူလတန်းကြိုကျောင်း၊ နားမကြားသော ကလေးများကျောင်း၊ လူငယ်သင်တန်းကျောင်း၊ ပြန်လည်ထူထောင်ရေးစခန်းနှင့် အမျိုးသမီးသက်မွေး အတတ်ပညာသင်ကျောင်း တို့ကို ကြည့်ရှုစစ်ဆေးသည်။ ညွှန်ကြားရေးမှူးချုပ်သည် မန္တလေးမြို့မှ စက်တင်ဘာ ၂၂ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) စက်တင်ဘာ ၂၅ ရက်တွင် ကချင်ပြည်နယ်နှင့် စက်တင်ဘာ ၂၇ ရက်တွင် စစ်ကိုင်းတိုင်းတို့သို့ သွားရောက်ကာ လူမှုဝန်ထမ်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၃၀-၉-၂၀၀၈ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၁၅ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
- ၄း၂၅ ၅။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၄း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၅း၀၀ ၇။ မျိုးချစ်တပ်မတော်
- ၅း၂၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၅း၃၀ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅း၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - စံပါပဲ (အပိုင်း-၂၀)**
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ မွေးမြူသုတ
- ၂၀။ ဗွီစီဒီကျော်ကြား တေးများ
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရွှေမင်းသမီးရဲ့ဖူးစာ (အပိုင်း-၉)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

## ခြင်နိုင်ဆေးရည် ပုလင်းများ လှူဒါန်း

**မြစ်ငယ် စက်တင်ဘာ ၂၉**

မန္တလေးတိုင်း အမရပူရမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ ခြင်နိုင်ဆေးရည် (REPITO LOTION) ပုလင်း ၁၂၀ လှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီက ဈေးချိုရပ်ကွက်ရှိ မြို့နယ်အသင်းရုံးခန်းမ၌ ကျင်းပရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမောင်မောင်အုန်းက ခြင်နိုင်ဆေးရည် လှူဒါန်းရခြင်း ရည်ရွယ်ချက်များနှင့် စနစ်တကျ သုံးစွဲနည်းတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခြင်နိုင်ဆေးရည် ပုလင်းများအား မြို့နယ်အသင်းတွဲဖက်အတွင်းရေးမှူး ဒေါ်စောမြိုင်က ပေးအပ်လှူဒါန်းရာ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်စန်းစန်းယုက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။(၄၃၃)

## ရန်ကုန်တိုင်း၊ အနောက်ပိုင်းခရိုင်၊ ပဟန်းမြို့နယ်၊ မဟာအောင်မြေဘုံစံကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော်၊ ရွှေတိဂုံစေတီတော်၊ ဆူးလေစေတီတော် ဂေါပကအဖွဲ့တို့၏ ဩဝါဒါစရိယ ဘဒ္ဒန္တပညိန္ဒာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း** - ဆရာတော်လောင်းလျာကို ဧရာဝတီတိုင်း မြန်အောင်မြို့နယ် ရှမ်းကွင်းကျေးရွာ ခမည်းတော် ဦးဘိုးဆင့်၊ မယ်တော် ဒေါ်စု တို့မှ ၁၂၈၂ ခုနှစ် နယုန်လဆန်း ၁၁ရက် ကြာသပတေးနေ့ နံနက် ၄နာရီတွင် ဖွားမြင်သော တစ်ဦးတည်းသော သားရတနာဖြစ်ပြီး ငယ်မည်မှာ မောင်မြအောင်ဖြစ်သည်။

**ရှင်ရဟန်းပြုတော်မူခြင်း -** ဆရာတော်လောင်းလျာသည် ၁၂၉၁ ခုနှစ်တွင် ဧရာဝတီတိုင်း မြန်အောင်မြို့နယ် ကွင်းကြီးကျောင်းဆရာတော် ဦးမုနိန္ဒကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၀၁ ခုနှစ် တပေါင်းလပြည့်ကျော် ၈ရက် စနေနေ့တွင် မန္တလေးမြို့ ညောင်ကန်တိုက်ဆရာတော် ဘဒ္ဒန္တကန္ဒသာမိဘိဝံသကို ဥပဇ္ဈာယ်ပြု၍ ဒေါ်ဖွားအို၊ ဒေါ်အေးခင်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း-** ဆရာတော်သည် ဧရာဝတီတိုင်း မြန်အောင်မြို့နယ် ကွင်းကြီးကျောင်း ဆရာတော်ကြီးနှင့် စာချဆရာတော် ဦးစန္ဒာဝရတို့ထံ၌ ပရိယတ္တိအခြေခံကျမ်းစာများကို သင်ယူပြီးနောက် ၁၂၉၄ ခုနှစ်တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် မဟာအောင်မြေဘုံစံကျောင်းတိုက်သို့ ရောက်ရှိပြီး တိုက်အုပ်ဆရာတော် ဦးကောဏ္ဍညာဘိဝံသနှင့် စာချဆရာတော် ဦးစက္ကိန္ဒ၊ ဦးဇဝန၊ ဦးအဂ္ဂဝံသတို့ထံ၌လည်းကောင်း၊ မန္တလေးမြို့ မစိုးရိမ်တိုက် ဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ၊မူလပဌာန်းဆရာတော် ဘဒ္ဒန္တနာရဒတို့ထံ၌လည်းကောင်း၊ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်း၊ နေ့ဝါ ညဝါ တို့ကို သင်ယူတတ်မြောက်၍ အစိုးရဓမ္မာစရိယနှင့် စေတိယင်္ဂဏ သီးခြားစာချတန်းတို့ကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။

**စာပေပို့ချရေးသားခြင်းနှင့် သာသနာရေး အားပေး ဆောင်ရွက်တော်မူခြင်း-** ဆရာတော်သည် မိမိသီတင်းသုံးရာ မဟာအောင်မြေဘုံစံကျောင်းတိုက်ကြီးတွင် ပရိယတ္တိကျမ်းရင်းများကို အစဉ်တစိုက် ပို့ချလျက် ကျောင်းတိုက်ကြီး၏ ကြီးပွားရာ ကြီးပွားကြောင်း အားထုတ်ဆောင်ရွက်တော်မူပြီး ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီးအဖြစ် ဖွင့်လှစ်နိုင်ခဲ့ပါသည်။စာပေကျမ်းဂန် ပို့ချနေစဉ်မှာပင် "မဟာအောင်မြေဘုံစံ ဋီကာကျော်အလင်းပြကျမ်း"ကို ရေးသားတော်မူခဲ့ပါသည်။ ဆရာတော်သည် ဆဋ္ဌသင်္ဂီတိကာရကပဋိဝိသောဓကအဖြစ်ဖြင့် ဆဋ္ဌသင်္ဂါယနာ၌ပါဝင်ဆောင်ရွက်ခဲ့ပြီး တောင်တန်းသာသနာပြုဗဟိုအဖွဲ့ အမှုဆောင်၊ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဦးသျှောင်အဖွဲ့ဝင်၊ တိပိဋကဓရ ရွေးချယ်ရေး ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ၊ ရွှေတိဂုံစေတီတော်၊ ဆူးလေစေတီတော်၊ စေတိယင်္ဂဏအသင်း ဂေါပကအဖွဲ့တို့၏ ဩဝါဒါစရိယ အဖြစ်လည်းကောင်း၊ ကျောက်ပုံတောရဝါဒ သီးခြားဝိနည်းမိုရ် အဖွဲ့ဝင်၊ ပရိယတ္တိသာသနာ့တက္ကသိုလ် စီမံချက်ရေးဆွဲရေးအဖွဲ့ဝင်အဖြစ်လည်းကောင်း အားပေးဆောင်ရွက်တော်မူခဲ့ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့တွင် ဒုတိယဥက္ကဋ္ဌတာဝန်များကိုပါ ထမ်းဆောင်တော်မူခဲ့သည်။

**ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း-** ဤသို့လျှင် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူပြီး လဇ္ဇီပေသလ၊ သိက္ခာကာမစသောဂုဏ်၊ ဂန္ထန္တရဗာဟုသစ္စဂုဏ်၊ လောကဗဟုပကာရဂန္ထရစနာဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်အား နိုင်ငံတော်အစိုးရက ၁၃၆၁ ခုနှစ် ၂၀၀၀ ပြည့်နှစ်တွင် **အဘိဓဇမဟာရဋ္ဌဂုရု** ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း၊ ၁၃၆၅ ခုနှစ် ၂၀၀၄ ခုနှစ်တွင် **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက** ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်း ပူဇော်ခဲ့သည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း-**ဆရာတော်ဘုရားကြီးသည် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၈၉ နှစ်၊ သိက္ခာတော် ၆၉ ဝါ အရ ၁၃၇၀ပြည့်နှစ် တော်သလင်းလပြည့်ကျော် ၁၃ ရက် (၂၀၀၈ ခုနှစ် စက်တင်ဘာ ၂၇ ရက်) စနေနေ့ ည ၉ နာရီ ၃၀ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

# လက်ရှိချန်ပီယံ မန်ယူတို့ ဒိန်းမတ်မြေမှာ အနိုင်ပွဲရှာရတော့မည် အာဆင်နယ်၊ ဂျူဗင်တပ်နှင့်ဗီလာရီးယဲလ်တို့ အနိုင်ရရန်သေချာသည့် ချန်ပီယံလိဂ် အုပ်စုပွဲစဉ်(၂) ပထမနေ့ပွဲစဉ်များ

အောက်တိုဘာ ၁ (ဗုဒ္ဓဟူးနေ့) နံနက် ၁း၁၅ နာရီ **ဝင်းတင်(ကြေးမုံ)**

ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၂)ပထမနေ့ ပွဲစဉ်များကို (ယနေ့ည) ဗုဒ္ဓဟူးနေ့ နံနက်မှာကျင်းပမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ အဖွင့်ပွဲဒုတိယနေ့ပွဲစဉ်မှာ အသင်းကြီးများထဲက ရီးယဲလ်မက်ဒရစ်၊ ဂျူဗင်တပ်စ်၊ ပေါ်တိုနဲ့ ဘိုင်ယန်မြူးနစ်တို့ အမှတ်ပြည့် ရယူနိုင်ခဲ့ပြီး လက်ရှိချန်ပီယံ မန်ယူ၊ အာဆင်နယ်၊ လိုင်ယွန်နဲ့ ဆဲလ်တစ်တို့မှာ သရေ တစ်မှတ်နဲ့သာ ကျေနပ်ခဲ့ရပါတယ်။

**အုပ်စု(င)**

**အယ်လ်ဘော့ဂ် - မန်ယူ**

လက်ရှိချန်ပီယံမန်ယူဟာ အဖွင့်ပွဲစဉ်မှာ အိမ်ကွင်း ကစားခဲ့ရပေမယ့် တစ်မှတ်နဲ့သာ ကျေနပ်ခဲ့ရပါတယ်။ ဒါကြောင့် ယခုဒိန်းမတ်မြေမှာ ကစားရမယ့် အယ်လ်ဘော့လ်ကို အနိုင်ရမှ ဖြစ်တော့မှာပါ။ မန်ယူမှာ စီရော်နယ်လ်ဒို ခြေစွမ်းပြန်မပြနိုင်သေးသလို ဘာဘာတော့ဗ်လည်း ခြေစွမ်းပျက်နေပါတယ်။ ဒါပေမယ့် အနိုင်ရမှုဖြစ်မယ့် မန်ယူတို့ပဲ ဒိန်းမတ်မြေမှာ အောင်ပွဲခံသွားမှာပါ။

**ဗီလာရီးယဲလ်-ဆဲလ်တစ်**

အုပ်စု(င)မှာပါဝင်တဲ့လေးသင်းလုံး တစ်မှတ်စီရထားတာကြောင့် ဗီလာရီးယဲလ်နဲ့ ဆဲလ်တစ်တို့ရဲ့ ပြိုင်ဆိုင်မှုကလည်း ပြင်းထန်ဦးမှာပါ။ ဗီလာရီးယဲလ်ရဲ့ခြေဟာ အိုးထရတ်ဖို့ဒ်မှာတုန်းက မန်ယူထက်ကောင်းခဲ့တာကိုတွေ့ရပါတယ်။ ကစားကွက်ကောင်းပြီး လျင်မြန်မှုရှိတဲ့ ဗီလာရီးယဲလ်မှာတိုက်စစ်မှူး နီဟတ် ပြန်ကစားနိုင်ပြီဖြစ်တာကြောင့် အိမ်ရှင်တို့ အနိုင်ရဖို့သေချာတဲ့ပွဲပါပဲ။

**အုပ်စု(စ)**

**ဘိုင်ယန်မြူးနစ်-လိုင်ယွန်**

အုပ်စုပွဲတွေမှာဆိုရင်ခြေစွမ်းပြတတ်တဲ့နှစ်သင်းဆုံတွေ့တဲ့ပွဲပါ။ ဒီနှစ်သင်းဟာ ခြေစွမ်းပိုင်း ကွာဟမှုမရှိပေမယ့် ဘိုင်ယန်မြူးနစ်က ကိုယ့်ကွင်း ကိုယ့်ပရိသတ်ရှေ့မှာ အနိုင်ရဖို့ ကြိုးစားလာမှာပါ။ ဒါပေမယ့် ဒီပွဲဟာ သရေကျဖို့ ရာနှုန်းပြည့်များပြီး အကယ်၍ ဘိုင်ယန်မြူးနစ်တို့နိုင်မယ်ဆိုရင်လည်း တစ်ဂိုးထက်မပိုပါဘူး။

**ဖီအိုရင်တီးနား-စတူအာဘူခါရက်**

အဖွင့်ပွဲစဉ်မှာ ဖီအိုရင်တီးနားက အဝေးကွင်းမှာ တစ်မှတ်ရခဲ့ပေမယ့် စတူအာဘူခါရက်ကတော့ အိမ်ကွင်းမှာ ရှုံးပွဲကြုံခဲ့ရပါတယ်။

စတူအာဘူခါရက်ဟာ ဖီအိုရင်တီးနားထက် ချန်ပီယံလိဂ် အတွေ့အကြုံပိုများတာကြောင့် ဒီပွဲဟာသရေနဲ့ပဲ အဆုံးသတ်ဖို့များပါတယ်။

**အုပ်စု(ဆ)**

**အာဆင်နယ်-ပေါ်တို**

အဖွင့်ပွဲမှာ ဒိုင်နမိုကီယက်ဗ်ကို သရေကျခဲ့တဲ့ အာဆင်နယ်ဟာ ဒီပွဲမှာ တင်ကစားလာမှာပါ။ ပေါ်တိုဟာ အိမ်ကွင်း ကောင်းပေမယ့် အဝေးကွင်းမစွံတဲ့အသင်းပါ၊ ဒီပွဲမှာ အိမ်ရှင်အာဆင်နယ်တို့တိုက်စစ်ဖွင့်ပြီး နိုင်ပွဲရအောင်ကြိုးစားသွားပါလိမ့်မယ်။

**ဖီနာဘာချီ-ဒိုင်နမိုကီယက်ဗ်**

ဖီနာဘာချီဟာ အိမ်ကွင်းစွာတဲ့အသင်းပါ။ အိမ်ကွင်းမှာဆိုရင် တိုက်စစ်မှူးတွေ ဂိုးမြူးလေ့ရှိကြပါတယ်။ အာဆင်နယ်ကို ဦးဆောင်ဂိုးသွင်းပြီး သရေကစားခဲ့တဲ့ ဒိုင်နမိုကီယက်ဗ်ကတော့ ဒီပွဲမှာလည်း သရေတစ်မှတ်ရရေးကိုပဲ ဦးတည်ပြီး ကစားလာမှာပါ၊ ဒါပေမယ့် အနိုင်ရလဒ်ကတော့ အိမ်ရှင်ဖီနာဘာချီဘက်မှာပဲ အလေးသာနေပါတယ်။

**အုပ်စု(ဇ)**

**ဇင်းနစ်-ရီးယဲလ်မက်ဒရစ်**

တစ်ဦးချင်းခြေစွမ်းပိုင်းမှာ ရီးယဲလ်မက်ဒရစ်ကသာပေမယ့် ဇင်းနစ်က အသင်းလိုက်စုဖွဲ့မှုကောင်းတဲ့အသင်းပါ။ရုရှားမြေမှာဆိုရင် ဇင်းနစ်တို့ အနိုင်ပွဲ ရှာတတ်ပါတယ်။ ဒါကြောင့် ပီထရော့စကီးကွင်းမှာ အိမ်ရှင်ကိုပဲအားပေးတာကောင်းပါလိမ့်မယ်။ (ဇင်းနစ်နှင့် ရီးယဲလ်မက်ဒရစ်တို့ပွဲအား ယနေ့ည ၁၁း၁၅ နာရီတွင် ကျင်းပမည်။)

**ဘာတီဘိုရီဆော့ဗ်-ဂျူဗင်တပ်စ်**

ဘီလာရုစ်ကလပ် ဘာတီဘိုရီဆော့ဗ်ဟာဒီအုပ်စုမှာ အဖြည့်ခံသက်သက်ပါ။ ဂျူဗင်တပ်စ်ကတော့ အုပ်စုဗိုလ်ဖြစ်ရေး ကြိုးစားနေတာကြောင့် ဒီပွဲကိုလည်း တင်ကစားလာပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့ ကစားသမားအင်အားစုဖွဲ့မှုက ကွာဟလွန်းတာကြောင့် ဂျူဗင်တပ်စ်တို့ အဝေးကွင်းဖြစ်ပေမယ့် အနိုင်ရဖို့ မခက်ပါဘူး။ ။



(၅၂)ကီလိုတန်း ဝူရှူးဆန်းဆို အမျိုးသမီးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးရရှိခဲ့သည့် မြန်မာ ဝူရှူးအားကစားအဖွဲ့မှ စီစီစိန်။



ဓားမောက်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးရရှိခဲ့သည့် မြန်မာ ဝူရှူးအားကစားအဖွဲ့မှ အောင်စည်သူ။

## မြန်မာဝူရှူးအားကစားအဖွဲ့မှ ရွှေတံဆိပ်နှစ်ခု ဆွတ်ခူးရရှိ

**ရန်ကုန် စက်တင်ဘာ ၂၉**

၂၀၀၈ ခုနှစ် စက်တင်ဘာ၂၆ရက်မှ ၂၉ရက်အထိ ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့၌ ကျင်းပသည့် (၄)ကြိမ်မြောက် ကမ္ဘာ့အားကစားပြိုင်ပွဲ ဝူရှူးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာဝူရှူးအားကစားအဖွဲ့မှ အောင်စည်သူသည် ဓားမောက်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ စီစီစိန်သည် ဝူရှူးဆန်းဆို(၅၂)ကီလိုတန်းမှ ရွှေတံဆိပ်တစ်ခု စုစုပေါင်း ရွှေတံဆိပ်နှစ်ခု ရရှိပြီး အဆိုပါ မြန်မာဝူရှူးအားကစားအဖွဲ့ဝင်များသည် အောက်တိုဘာ ၁ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြေတိုင်းသင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၉**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိအဆင့် မြေတိုင်းသင်တန်းအပတ်စဉ်(၄)ဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း တိုက်ကြီးမြို့ရှိ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့် ပညာပေးရေး သင်တန်းကျောင်း၌ ကျင်းပရာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး ထူးချွန်ဆုရ သင်တန်းသားများအားဆုတံဆိပ်နှင့်လက်မှတ်များကိုလည်းကောင်း၊ ကျောင်းအုပ်ကြီး ဦးသန်းက သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်းပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ သင်တန်းသို့ ဦးစီးအရာရှိသင်တန်းသား ၅၀ တို့တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်နှစ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြစ်ဝကျွန်းပေါ်တွင် မိုးဆက်လက်လျော့နည်းမည်

**ရန်ကုန် စက်တင်ဘာ ၂၉**

**ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော၂၄နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြစ်ဝကျွန်းပေါ်ဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်ပါသည်။ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ကျိုက္ခမီမြို့တွင် ၄ ဒသမ ၃၇ လက်မ၊ သံတွဲမြို့တွင် ၃ ဒသမ ၁၅ လက်မ၊ မော်လိုက်မြို့တွင် ၂ ဒသမ ၀၈ လက်မ၊ ဖလမ်းမြို့တွင် ၁ ဒသမ ၈၉ လက်မ၊ မောင်တောမြို့တွင် ၁ ဒသမ ၈၁ လက်မ နှင့် ဟားခါးမြို့တွင် ၁ ဒသမ ၇၇ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားနည်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**စက်တင်ဘာ ၃၀ရက် ညနေထိ ခန့်မှန်းချက်။** ။ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင်နေရာကွက်၍ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မြစ်ဝကျွန်းပေါ်ဒေသများတွင် မိုးဆက်လက်လျော့နည်းနေမည်။

**နေပြည်တော်**နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

၃၃ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၉၂ ဒီဂရီဖာရင်ဟိုက်)၂၈-၉-၂၀၀၈

**အနိမ့်ဆုံးအပူချိန်**

၂၁ ဒသမ ၆ ဒီဂရီစင်တီဂရိတ် (၇၁ ဒီဂရီဖာရင်ဟိုက်)၂၉-၉-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၇၄ ရာခိုင်နှုန်း ၂၉-၉-၂၀၀၈

နေပူသည့်နာရီပေါင်း (၉ ဒသမ ၀)နာရီခန့် ၂၈-၉-၂၀၀၈

**❀ အင်းလေးကန်မှ**

(တောင်ဘက်ခြမ်း)နှင့် တောင်ကြီးမြို့နယ် (အနောက်ဘက်ခြမ်း) နယ်မြေများ ပါဝင်အကျုံးဝင်လျက်ရှိသည်။

အင်းလေးကန်နှင့် မိုင် (၂၀)ဝန်းကျင် သစ်တော၊ ရေ၊ မြေ၊ သားငှက်တိရစ္ဆာန်ကာကွယ်ထိန်းသိမ်းရေးစီမံကိန်းလုပ်ငန်းများကို ၂၀၀၀-၂၀၀၁ ခုနှစ်မှ စတင်၍ ငါးနှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော်လျက်ရှိပြီး ယခုအခါ ဒုတိယ ငါးနှစ်စီမံကိန်းကာလ၏ တတိယနှစ်သို့ ရောက်ရှိနေပြီဖြစ်သည်။ ညောင်ရွှေမြို့နယ်၏ ၂၀၀၇ ခုနှစ်တွင် ရွာသွန်းခဲ့သည့် မိုးရေချိန်မှာ ၂၉ ဒသမ ၃ လက်မ ဖြစ်သည်။

အင်းလေးကန်အတွင်းသို့ အရှေ့ဘက်မှ စီးဝင်သော ချောင်းပေါင်း ၁၇ ချောင်းမှ ရေဆင်းဧရိယာ စုစုပေါင်း ၁၄၆ စတုရန်းမိုင်ရှိပြီး ချောင်းများမှာ (၁) နမ့်စီချောင်း၊ (၂) ရွှေလင်ဘန်းချောင်း၊ (၃) လွယ်တန့်ချောင်း၊ (၄) ဝါးတော်ချောင်း၊ (၅) ချောင်းချောက်ချောင်း၊ (၆) သပြေပင်ချောင်း၊ (၇) ချောင်းစောက်ချောင်း၊ (၈) သလဲဦးချောင်း၊ (၉) ညောင်ပင်ကန် (ချောင်းပါးချောင်း)၊ (၁၀)ညောင်ကြီးချောင်း၊(၁၁)ခိုပန်ကုန်းချောင်း၊ (၁၂)ရေပူချောင်း၊ (၁၃) မဲဇလီ(စိန်)ချောင်း၊ (၁၄) ရေပုတ်ချောင်း၊ (၁၅)ဒါလီချောင်း၊ (၁၆) ကမ်းပါးနီချောင်း၊ (၁၇) နမ့်မယ်စင်ချောင်းတို့ ဖြစ်ကြသည်။

အင်းလေးကန်အတွင်းသို့ အနောက်ဘက်မှစီးဝင်သော ချောင်း ၁၁ ချောင်းရှိပြီး ရေဆင်းဧရိယာ စုစုပေါင်း ၇၄၈ စတုရန်းမိုင် ဖြစ်သည်။ အဆိုပါချောင်းများမှာ (၁) သနပ်ခါးချောင်း၊ (၂) ရေပယ်ချောင်း၊ (၃) သဲကုန်းချောင်း၊ (၄) မကျီးပင်ချောင်း၊ (၅) ရေဦးချောင်း၊ (၆) သန်းတောင်ချောင်း(ကလောချောင်း)၊ (၇) အင်းတိန်ချောင်း (ဘီးလူးချောင်း)၊ (၈) စိန်ကားမြောက်ချောင်း၊ (၉) မကျီးဆိပ်ချောင်း၊ (၁၀) ထိကန်ချောင်း၊ (၁၁) ပေါက်တောချောင်းများ ဖြစ်ကြသည်။

မြောက်ဘက်မှစီးဝင်သောချောင်းမှာ နမ့်လတ်ချောင်းတစ်ချောင်းတည်းသာရှိပါသည်။ ရေဆင်းဧရိယာ ၅၂၈စတုရန်းမိုင်ရှိပြီး စုစုပေါင်းချောင်း ၂၉ချောင်းမှ စီးဝင်ရေဆင်းဧရိယာ ၁၄၂၂ စတုရန်းမိုင်ရှိသည်။ အင်းလေးကန်အတွင်းသို့ အဓိကစီးဝင်သောချောင်းကြီးများမှာ နမ့်လတ်ချောင်း၊ ကလောချောင်း၊ ဘီးလူးချောင်းများဖြစ်ကြသည်။

အင်းလေးကန်သည် မူလဧရိယာစတုရန်းမိုင်ပေါင်း ၁၀၀ ခန့် ကျယ်ဝန်းခဲ့ရာမှ ယခုအခါ ပြန်လည်တိုင်းတာမှုများအရ စတုရန်းမိုင် ၆၀ ခန့်ရှိကြောင်း သိရှိရသည်။ ဧရိယာကျဉ်းမြောင်းလာရခြင်း၏အဓိကမှာ အင်းလေးကန်ပတ်ဝန်းကျင်ရှိချောင်းများမှာ နုန်းပို့ချမှုများပြားခြင်းနှင့် ချောင်းများ၏ရေဆင်းဧရိယာများတွင်လည်း နုန်းပို့ချမှုများပြားစေသော လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်ခြင်းမှာလည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရှိရသည်။

ယခုအခါတွင် အင်းလေးကန်နှင့် မိုင် (၂၀)ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ သစ်တော၊ ရေ၊ မြေ၊ သားငှက်တိရစ္ဆာန်ကာကွယ်ထိန်းသိမ်းရေး စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိနေ၍လုပ်ငန်းစဉ်များအလိုက် အပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပေသည်။ဒေသခံပြည်သူများကလည်း သဘောပေါက်နားလည်မှုရှိလာပြီဖြစ်ပြီး စာရေးသူသည် အင်းလေးကန် မိုင်(၂၀)ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်နေသော ဆည်မြောင်းဦးစီးဌာန ရှမ်းပြည်နယ်(တောင်ပိုင်း)ဒုတိယညွှန်ကြားရေးမှူးဦးမျိုးသန့်တင် စီစဉ်ဆောင်ရွက်ပေးမှုဖြင့်ဦးစီးမှူးဦးတင်ကိုလိုက်ပါ၍အင်းလေးရေပြင်တစ်ဝန်း စက်လှေဖြင့် ကွင်းဆင်းလေ့လာခဲ့ရာ ရှေးဦးစွာ ဖောင်တော်ဦးဘုရားအား ဦးခိုက်ဖူးမြော်ခဲ့ပြီး အင်းလေးကန်အတွင်း စက်ယန္တရားများဖြင့် သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေပုံများ မြင်တွေ့ခဲ့ရသည်။

ထို့နောက် လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ဦးစီးမှူးက ရှင်းလင်း ပြသရာ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် နုန်းဖမ်းဆည်နှစ်ခုနှင့် ဆည်ငယ် ၁၇ ခု ပြီးစီးခဲ့သော နုန်းထိန်းတမံနှင့် နုန်းဖမ်းဆည်များကို ထိန်းသိမ်းမှုများပြီးစီးခဲ့ကြသည်။ ထို့နောက် အင်းလေးကန်အတွင်း လိုအပ်သောနေရာများတွင် သဲနုန်းတူးဖော်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ကြရာ ၈၉ ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်သည်။ အဓိကရေလမ်းတစ်လျှောက် ရေလမ်းအမှတ်အသားနှင့် နယ်နိမိတ်မှတ်တိုင်များ စိုက်ထူခြင်းလုပ်ငန်းတွင် ပေ ၄၀၀၀အနက် ပေ ၂၀၀၀ ပြီးစီးခဲ့ပြီး ပေ ၂၀၀ × ပေ ၁၀၀ ရှိသော ကျွန်းမျောလှောင်ကန်တစ်ခု တည်ဆောက်ခဲ့ရာ ၅၀ ရာခိုင်နှုန်း ပြီးစီးကြောင်း သိရှိရသည်။

အင်းလေးကန်အတွင်း ကျွန်းမျောနှင့်ရေမှော်များကို အမြဲတစေ ရှင်းလင်းကြရာ ကျွန်းမျောဧက ၅၀ ရှင်းလင်းဖျက်ဆီးခဲ့ကြသည်။ အင်းရေပြင်ရေမှော်များ ဧက ၃၀၀ ရှင်းလင်းခဲ့ကြပြီး အင်းရွာ(၃၀)တွင် သန့်ရှင်းရေးများ ပြုလုပ်ခဲ့ကြသည်။

အင်းလေးရေပြင်တွင် ရေမှော်များနှင့် ကျွန်းမျောရိုင်းများ ထူထပ်ပေါများသောကြောင့် ရေလမ်းကြောင်းများမပိတ်ရန် အင်းရေပြင် အပိုင်း(၁)မှ အပိုင်း(၄)အထိ စုစုပေါင်း ၂၈၈ ဧကနှင့် ငါးဖယ်ချောင်းရေလမ်း ၁၂ ဧက၊ ကံသာဦးအင်းရေပြင် ၁၂ ဧက၊ နမ့်ကတ်ချောင်း ၁၂ ဧက၊ ဘုရားကြွရေလမ်း ၁၇ဧက၊ ဘုရားသွားရေလမ်းနှင့် နန်းပန်သွားရေလမ်းကြား ဧက ၂၀ ရှင်းလင်းခဲ့ကြသည်။ ထိုသို့ ပြုလုပ်ရာတွင် လျာထားချက်အတိုင်း ရှင်းလင်းဆောင်ရွက်သွားခြင်းမျိုးမဟုတ်ဘဲ ကာလတစ်လျှောက်လုံး ရှင်းလင်းသွားရန် ရေလမ်းကြောင်းများရှိ ရေမှော်များကို အမြစ်မကျန် ရှင်းလင်းမည်ဟု သိရပါသည်။

အင်းလေးကန်သည် မြန်မာနိုင်ငံ၏ ထူးခြားသော တောင်ပေါ်ပင်လယ်ဟု ခေါ်ဆိုကြသည်။ ပြည်ပလေ့လာရေးခရီးသည်များနှင့် နိုင်ငံတော်အတွင်း ဒေသမျိုးစုံမှ ဘုရားဖူးလာသူများဖြင့် စည်ကားလျက်ရှိသည်။ ဖောင်တော်ဦးဘုရားသည် သမိုင်းဝင်ဖြစ်ပြီး ညောင်ရွှေမြို့၌ နှစ်စဉ်သတင်းကျွတ်လဆန်း ၇ ရက်နေ့တွင် ရုပ်ပွားတော်များ အပူဇော်ခံပွဲကို ဆက်လက်ကျင်းပလျက်ရှိသည်။

သို့ဖြစ်ပါ၍ အင်းလေးကန်ကြီး ထာဝစဉ် တည်တံ့ခိုင်မြဲရေးနှင့် အမြဲတမ်း စိမ်းလန်းစိုပြည်ရေးတို့အတွက် နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်မှုများနှင့် အညီ ဆည်မြောင်းဦးစီးဌာန သစ်တောဦးစီးဌာနနှင့် အခြားသော ဌာနများ၊ အဖွဲ့အစည်းများ အပါအဝင် ဒေသခံပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် တိုက်တွန်းအကြံပြုရေးသားတင်ပြလိုက်ရပါသည်။ ။





**လက်ဖက်စိုက်ခင်း ကြည့်ရှုစစ်ဆေး**

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် ကျိုင်းတုံမြို့နယ် အမောဒေ ကျေးရွာရှိ ကျေးရွာပိုင် လက်ဖက် ငါးဧက စိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် ကျိုင်းတုံ-မိုင်းခွန်-မိုင်းခတ် လမ်းပိုင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၉

**ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ကျော်ဖြိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် မိုင်းဆတ်မြို့ ဌာနဆိုင်ရာ စုပေါင်းခြံစည်းရိုးကြက်ဆူစိုက်ခင်း၌ ခြံစည်းရိုးကြက်ဆူများ ဖြစ်ထွန်းအောင်မြင်နေမှုကိုလည်းကောင်း၊ မိုင်းဆတ်-မိုင်းခတ်လမ်းပိုင်း အခြေအနေများကိုလည်းကောင်း၊ မိုင်းခတ်မြို့ ပြည်သူ့ဆေးရုံကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် မိုင်းခတ်မြို့ တပ်နယ်ခန်းမ၌ တပ်နယ်ရှိ အရာရှိ၊ စစ်သည် မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး အားကစားပစ္စည်းများနှင့် ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိုင်းခတ်-ကျိုင်းတုံလမ်းအတိုင်း လမ်းပိုင်းအခြေအနေများနှင့် ကျောက်ချောလမ်း ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ဗိုလ်ချုပ်မင်းအောင်လှိုင်အား ကျိုင်းတုံ-မိုင်းခွန်-မိုင်းခတ်လမ်းပိုင်း မိုင်တိုင်အမှတ် ၃၆ မိုင် လေးဖာလုံရှိ လမ်းဖောက်လုပ်ရေး **စာမျက်နှာ ၇ ကော်လံ ၁ သို့** ✳

သတင်းဆောင်းပါး-ခင်မောင်သန်း(စက်မှု)၊ ဓာတ်ပုံ-စိုးညွှန့်(ကြေးမုံ)



**အင်းလေးကန်တွင် ရေလုပ်ငန်းအသက်မွေးဝမ်းကျောင်းပြု အင်းသားတစ်ဦး။**

# အင်းလေးကန်နှင့် မိုင် (၂၀) ဝန်းကျင် စိမ်းလန်းစိုပြည်ရေး မြင်ကွင်းများ

**မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံးဖြစ်သော ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ်အတွင်း တည်ရှိနေသည့် အင်းလေးကန်ကြီး မတိမ်ကောစေရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ အင်းလေးကန်နှင့် မိုင်(၂၀)ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ ရေ၊ မြေ၊ သားငှက်တိရစ္ဆာန်ကာကွယ်ထိန်းသိမ်းရေးစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။**

ထိုသို့ဆောင်ရွက်ကြရာတွင် အင်းလေးကန်သဘာဝဝန်းကျင် ဂေဟစနစ် မပျက်သုဉ်းစေရန်၊ အင်းလေးကန် အစဉ် သာယာလှပ စိမ်းလန်းစိုပြည်နေစေရန်ဟူသော ရည်ရွယ်ချက်များဖြင့် ဆည်မြောင်းဦးစီးဌာနနှင့် အခြားသက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်အကောင်အထည်ဖော်လျက်ရှိသည်။

စီမံကိန်းတည်နေရာနှင့် အကျုံးဝင်နယ်မြေများမှာ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင်အတွင်း မြောက်လတ္တီတွဒ် ၉၀ ဒီဂရီ ပေ ၂၀ နှင့် ၂၂ ဒီဂရီ ၀၅ ပေ အကြား၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၅ ပေနှင့် ၉၇ ဒီဂရီ ၁၉ ပေ အကြား တည်ရှိပြီး အင်းလေးကန်၏ ရေဝေရေလဲဒေသ ဧရိယာ ၁၄၂၂၈စတုရန်းမိုင် တစ်ခုလုံးပါဝင်သည့် ညောင်ရွှေမြို့နယ်၊ ပင်လောင်းမြို့နယ် (အရှေ့ဘက်ခြမ်း)၊ ကလောမြို့နယ် (အရှေ့ဘက်ခြမ်း)၊ ဖယ်ခုံမြို့နယ် (အရှေ့ဘက်ခြမ်း)၊ ပင်းတယမြို့နယ် (တောင်ဘက်ခြမ်း)၊ ရပ်စောက်မြို့နယ် **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❁

## ယနေ့ ကြေးမုံ ပြည်တွင်း၊ ပြည်ပသတင်းများ အညွှန်း

မယ်လမင်းနှင့် နို့၊ နို့ထွက်ပစ္စည်း စားသုံးမှု သတိပြု

စာမျက်နှာ ၆

သဘာဝဘေးအန္တရာယ် သတင်းများ

စာမျက်နှာ ၇



မီးကုန်ယမ်းကုန် သောင်းကျန်းနေသည့် ဆိုမာလီ ပင်လယ်ဓားပြများ

အင်တာနက် သတင်းဆောင်းပါး

စာမျက်နှာ ၆

ချန်ပီယံလိဂ် အုပ်စုပွဲစဉ်(၂) ပထမနေ့ ပွဲစဉ်များ

စာမျက်နှာ ၁၁